ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ စနေနေ့။ Saturday, 13 May 2023 ၁၁၀၉၄

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# မည်သည့်အခြေအနေမျိုးတွင်ဖြစ်စေ စည်းကမ်းအတိုင်းလိုက်ပါလုပ်ဆောင်နိုင်ခြင်းသည် မိမိတို့ အရည်အသွေးကို မြှင့်တင်ဆောင်ရွက်နေခြင်းပင်ဖြစ်

## တပ်မတော်သားများ စည်းစနစ်တကျ နေထိုင်စေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်နေရန်လို

နေပြည်တော် မေ ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

**နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့မှု**

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအားလုံးကို

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ကြေးမုံ

# ညီညွတ်မှုဖြင့် သဘာဝဘေးအန္တရာယ်ကျော်လွှား

အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါသည် လက်ရှိအခြေအနေတွင် ဘင်္ဂလားဒေ့ရှ်-မြန်မာကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနိုင်သည့် အခြေအနေရှိသဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက လိမ္မော်ရောင်အဆင့် သတ်မှတ်လိုက်သည်။ မိုးလေဝသဌာနများ၏ ခန့်မှန်းချက်အရ အဆိုပါမုန်တိုင်းသည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့အကြားမှ ဖြတ်သန်းဝင်ရောက်မည်ဟု ဆိုထားသည်။ မိုးလေဝသမှ အစောပိုင်းက ခန့်မှန်းခဲ့သည့် မုန်တိုင်းလမ်းကြောင်းနှစ်ခုအနက် တစ်ခုဖြစ်သည့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ထိစပ်သည့်နေရာမှ ဖြတ်သန်းဝင်ရောက်နိုင်သည်ဖြစ်ရာ မုန်တိုင်းကျရောက်နိုင်သည့် ဒေသအသီးသီးတွင် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နေပြီဖြစ်သည်။

မိုးလေဝသတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော အားကောင်းသည့်မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ (MOCHA)" အဖြစ်သို့ ရောက်ရှိလာကာ မိုခါမုန်တိုင်း၏ အမြင့်ဆုံးလေတိုက်နှုန်းသည် တစ်နာရီလျှင် မိုင် ၆၀ မှ မိုင် ၇၀ နှုန်းဖြစ်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်အသိပေးခဲ့သည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း မိုခါသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းနှင့် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းကမ်းခြေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့အကြား စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းထားပြီး ထိုအချိန်တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၉၀ မှ မိုင် ၁၀၀ ခန့်အထိရှိသည်ဟု ခန့်မှန်းထားသည်။

လက်ရှိဖြစ်ပေါ်နေသော မိုးလေဝသအခြေအနေကို စောင့်ကြည့်လေ့လာနေကြသည့် နိုင်ငံတကာမိုးလေဝသအဖွဲ့အစည်းများကလည်း ဆိုင်ကလုန်းမုန်တိုင်း မိုခါသည် ဖျက်အားပြင်းအဆင့်ရှိသည့် မုန်တိုင်းဖြစ်၍ မုန်တိုင်း ကမ်းရိုးတန်းသို့ ဝင်ရောက်သောအခါ ထိခိုက်ပျက်စီးမှုများရှိနိုင်သည်ဟု ခန့်မှန်းပြောဆိုနေကြသည်ကို ကြားသိနေရသည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မုန်တိုင်းဖြစ်ပေါ်နေသည့် အခြေအနေပေါ်မူတည်၍ တိကျရေရာသော ခန့်မှန်းတွက်ချက်မှုများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်အသိပေးလျက်ရှိသဖြင့် နိုင်ငံပိုင်မီဒီယာများက တရားဝင်ထုတ်ပြန်လျက်ရှိသော သတင်းများကို အလေးထားနားထောင်၍ ဆောင်ရွက်ရမည့်အချက်များအား တက်ညီလက်ညီ ဆောင်ရွက်နေသည်ကို တွေ့ရသည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ၏အရှိန်ကြောင့် မေလ ၁၃ ရက်နေ့နှင့် ၁၄ ရက်နေ့တို့တွင် ရခိုင်ပြည်နယ်၌ အမြင့်ဆုံးလေတိုက်နှုန်း မိုင် ၁၀၀ ပတ်ဝန်းကျင်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် အမြင့်ဆုံးလေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၆၀ အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းအသိပေးထားသည်။ ထို့ကြောင့် မုန်တိုင်းနှင့်ပတ်သက်၍ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို ရခိုင်ပြည်နယ်တွင် အထူးဦးစားပေးဆောင်ရွက်လျက်ရှိပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မုန်တိုင်းဘေးအန္တရာယ်ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် အရေးပေါ်ပြုစုခြင်းလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများက အရှိန်အဟုန်ဖြင့် ပြင်ဆင်ဆောင်ရွက်ထားသည်။

မုန်တိုင်းနှင့်ပတ်သက်၍ တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းများကို နေ့စဉ်ပြုလုပ်လျက်ရှိသည်။ နေပြည်တော်ကောင်စီနယ်မြေနှင့် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တပ်နယ်အသီးသီးမှ တပ်မတော်သားများ၊ ဒေသအသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်းပြီး သရုပ်ပြလေ့ကျင့်မှုများ ကြိုတင်ဆောင်ရွက်ခဲ့ကာ မုန်တိုင်းနှင့်ပတ်သက်၍ ထိခိုက်ခံစားရမှုအမျိုးမျိုးတို့ကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်ပေးနေသည်။

သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ဒေသခံပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့များ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများနှင့်အခြားအထောက်အကူပြုပစ္စည်းများ သိုလှောင်ထားရှိခြင်း၊ မုန်တိုင်းဒဏ်ခံ ကာကွယ်ရေးအဆောက်အအုံ ဆိုင်ကလုန်းရှက်တာများ ပြင်ဆင်ထားရှိခြင်း၊ ရိက္ခာအမယ်(အမည်)ငါးမျိုးနှင့် သောက်သုံးရေလုံလောက်စွာရရှိနိုင်ရေးတို့ကို သက်ဆိုင်ရာနယ်မြေအလိုက် ပြင်ဆင်ဆောင်ရွက်ထားပြီး သဘာဝဘေးအန္တရာယ်ကို စည်းလုံးညီညွတ်မှုအားမာန်များဖြင့် ကျော်လွှားကြရမည်ဖြစ်ပါကြောင်း။ ။


မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃)

နေပြည်တော်

၂၀၂၃ ခုနှစ် ၊ မေလ ၁၈ ရက်နေ့ မှ ၂၀ ရက်နေ့ ထိ


## ကမာရွတ်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ဘာသာရပ်များ နည်းပြဆင့်ပွားသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၁၀)ရပ်ကွက် အခြေခံပညာအမှတ်(၁)အထက်တန်းကျောင်းခန်းမ၌ ယနေ့ နံနက်ပိုင်းက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade-9 (ပန်းချီ၊ ဂီတ၊ စာရိတ္တနှင့်ပြည်သူ့နီတိ၊ ကာယ) ဘာသာရပ်များ နည်းပြဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး တိုင်းပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများနှင့် သင်တန်းသားဆရာ ဆရာမများတက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ညွှန်ကြားရေးမှူး(ပညာ)က သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများကို လမ်းညွှန်အမှာစကားပြောကြားသည်။



အဆိုပါသင်တန်းကို မေ ၁၂ ရက်မှ ၁၆ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ စုစုပေါင်း သင်တန်းသား ဆရာ ဆရာမ ၂၀၆ ဦးတို့ တက်ရောက်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၂ - ၅ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၉၀၀ | ၇,၉၀၀ | ၁၁၅ | ၉၀၈,၅၀၀ |
| MTSH | ၂,၉၅၀ | ၂,၈၀၀ | ၆၁၂ | ၁,၇၁၉,၃၀၀ |
| MCB | ၇,၀၀၀ | ၇,၀၀၀ | ၅၀ | ၃၅၀,၀၀၀ |
| FPB | ၁,၄၅၀ | ၁,၄၀၀ | ၃,၅၈၅ | ၅,၀၂၂,၃၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၀ | ၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၃၀ | ၁၄၄,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၉၀.၉ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၂.၀၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၇၇၄ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၈.၈၅ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၅၆၀ |
| ( ဆ ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၃.၇ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၇၃.၈ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁,၅၅၈.၇ |
| ( ည ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၇.၁၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေပေးအပ်စဉ်။

☆ ရှေ့ဖုံးမှ

ယခုကဲ့သို့ တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရပြီး ယင်းကာလသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများ ပြင်းထန်ချိန်၊ စီးပွားရေးကျဆင်းနေချိန် ဖြစ်ကြောင်း၊ အလားတူနိုင်ငံရေးအရမတည်ငြိမ်မှုများ ဖြစ်ပေါ်နေချိန်လည်းဖြစ်ကြောင်း၊ ယေဘုယျအားဖြင့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေချိန်ဖြစ်သဖြင့် စီးပွားရေးကောင်းမွန်သည်ဟု ထင်ရသော်လည်း နိုင်ငံတော်အနေဖြင့် ပြည်ပကြွေးမြီများ များပြားလျက်ရှိကြောင်း၊ စီမံခန့်ခွဲမှုအားနည်းခဲ့မှုများကြောင့် နိုင်ငံ၏စီးပွားရေးမှာ အနုတ်လက္ခဏာအထိရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ယူရသည့်အချိန်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အလေးပေးဆောင်ရွက်ခဲ့ကြောင်း၊ ကိုဗစ် - ၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တာဝန်ကျေပွန်သည့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်မှုများ၊ အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများ၏ ကူညီပေးမှုများကြောင့် အချိန်အတိုင်းအတာတစ်ခုအတွင်း ထိန်းချုပ်နိုင်ခဲ့ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုး၊ မွေးမြူရေးကို အဓိကထားလုပ်ကိုင်သည့် နိုင်ငံဖြစ်သဖြင့် နိုင်ငံအတွင်းစားရေးနှင့် ပတ်သက်၍ ခက်ခဲမှုမရှိခဲ့ကြောင်း၊ ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးမှုမရှိခဲ့ဘဲ သွင်းကုန်များကို အဆမတန် တင်သွင်းခဲ့ခြင်းများကြောင့် ဝင်ငွေနှင့် ထွက်ငွေများ ညီမျှမှုမရှိဘဲ ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်ပကြွေးမြီများကို တတ်နိုင်သမျှပြန်လည်ပေးဆပ်လျက်ရှိကြောင်း၊ ယခုအခါ နိုင်ငံ့စီးပွားရေးမှာ အနုတ်လက္ခဏာမှ အပေါင်းလက္ခဏာသို့ တိုးတက်လာပြီဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ ဝင်ငွေတွင် ကုန်သွယ်မှုဝင်ငွေနှင့် ကုန်သွယ်မှုမဟုတ်သည့် ဝင်ငွေဟူ၍ရှိပြီး အခွန်အခများလည်း ပြည့်ဝစွာရရှိရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ယခင်ကာလ အားနည်းချက်များကြောင့် မရရှိခဲ့သည့် ဝင်ငွေများ ရရှိအောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နောင်လာမည့် ကာလအတွင်း အခြားဝင်ငွေများလည်း ရရှိနိုင်မည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားတိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

❖ တပ်မတော်အနေဖြင့် တပ်မတော်သားများနှင့် မိသားစုများ စားသောက်နေထိုင်ရေးနှင့် မိသားစုဝင် ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် အမြဲမပြတ်ဆောင်ရွက်လျက်ရှိ

❖ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် တပ်မတော်သား မိသားစုဝင် ကျောင်းသား ကျောင်းသူများအားလုံး ကျောင်းတက်ရန်လို

❖ ပညာရည်မြင့်မားရေးအတွက် အားပေးဆောင်ရွက်နေခြင်းမှာ တစ်ဦးတစ်ယောက်ချင်းစီတိုင်းကို ကိုယ့်အားကိုယ်ကိုး၍ မိမိအစွမ်းအစဖြင့် ဘဝတစ်လျှောက်လုံး ရပ်တည်နိုင်ရေးအတွက်ဖြစ်

**တည်ငြိမ်အေးချမ်းရေး**

တပ်မတော်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး တည်ငြိမ်အေးချမ်းမှုရှိအောင် ဖန်တီးဆောင်ရွက်ပေးရန် လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များနှင့် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် လက်မှတ်ရေးထိုးထားသည့်အဖွဲ့များရှိသကဲ့သို့ လက်မှတ်ရေးထိုးထားခြင်းမရှိသည့် အဖွဲ့များလည်းရှိကြောင်း၊ အဆိုပါ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကို ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံရေးသဘောထား ကွဲလွဲမှုကြောင့် ပေါ်ပေါက်လာသည့် PDF အမည်ခံ အကြမ်းဖက်သမားများကိုလည်း ကင်းစင် ပပျောက်အောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အဆိုပါ အကြမ်းဖက်အဖွဲ့များကို အားပေးအားမြှောက် ပြုလုပ်နေသည့် အဖွဲ့များလည်းရှိပြီး ၎င်းတို့အနေဖြင့် လူမှုကွန်ရက်များမှ တစ်ဆင့် အမုန်းတရားများဖြစ်ပေါ်စေရေးအတွက်လည်း ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ဒီမိုကရေစီအစိုးရလက်ထက်တွင် တပ်မတော်အနေဖြင့် အစိုးရလုပ်ငန်းများကို နိုင်ငံအတွက် ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ခြင်းကြောင့် တပ်မတော်ကို ယခင်ကထက်ပိုမိုတိုးတက် ကောင်းမွန်အောင် တည်ဆောက်နိုင်ခဲ့ကြောင်း။

**ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်**
**အညီ နိုင်ငံတော်တာဝန်ကို**
**ထမ်းဆောင်ခဲ့ရမှု**

ယခင်အစိုးရသက်တမ်းကာလတွင် တပ်မတော်အပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားပြီး အမုန်းတရားများ ဖြစ်ပေါ်လာအောင် မီဒီယာများကိုအသုံးချ၍ ဆောင်ရွက်ခဲ့မှုများရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မဖြစ်မနေ အနိုင်ရရှိရေးအတွက် မသမာသည့်နည်းလမ်းများဖြင့်ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် တပ်မတော်က မဲစာရင်းများ မှန်ကန်မှုရှိစေရေး စိစစ် ဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းမှားယွင်းမှုများကို ဖြေရှင်းပေးနိုင်ရေး တာဝန်ရှိသူများထံ အကြောင်းကြားခဲ့သော်လည်း ဖြေရှင်းပေးမှုမရှိဘဲ လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏ အာဏာကို အဓမ္မရယူရန် ကြိုးပမ်းခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်တွင် ရွေးကောက်ပွဲပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား အာဏာလွှဲပြောင်းပေးသွားမည်ဟုပါရှိပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အကြမ်းဖက်မှုနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ရန် လိုကြောင်း။

**စည်းစနစ်တကျရှိသည့်**
**နေထိုင် လုပ်ကိုင်မှုရှိရေး၊**
**ပညာရည်မြင့်မားရေးနှင့်**
**ကျန်းမာကြံ့ခိုင်ရေး**

တပ်မတော်သားများအားလုံး အနေဖြင့် အမြဲတိုက်ပွဲဝင်အသင့်ဖြစ်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ တစ်ဦးချင်း ကျန်းမာကြံ့ခိုင်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ရန်လိုသကဲ့သို့ သမားစဉ်လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်နေခြင်းသည် မိမိကိုယ်ကို လေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း၊ မည်သည့်အခြေအနေမျိုးတွင်ဖြစ်စေ စည်းကမ်းအတိုင်း လိုက်ပါလုပ်ဆောင်နိုင်ခြင်းသည် မိမိတို့ အရည်အသွေးကို မြှင့်တင် ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ တပ်များကို ဦးဆောင်နေသည့် တပ်မှူးကြီးများနှင့် တပ်မှူးများအနေဖြင့် မိမိတို့လက်အောက်တပ်များကို အမြဲမပြတ် ကြည့်ရှုစစ်ဆေး၍ ဆင့်ကဲဆင့်ကဲ ကွပ်ကဲမှုများဖြင့် လိုအပ်သည်များကို ကြပ်မတ်ခြင်း၊ ဖြည့်ဆည်း ပေးခြင်းများကို ဆောင်ရွက်နေမည် ဆိုပါက တပ်များအနေဖြင့် အမြဲအသင့်ဖြစ်နေမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ စည်းစနစ်တကျ နေထိုင်စေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်နေရန် လိုကြောင်း၊ တပ်မတော်ကို ချစ်သည့် တပ်မတော်သားများကို နိုင်ငံချစ်စိတ်ဖြစ်ပေါ်စေရန်အတွက် မြှင့်တင် ဆောင်ရွက်ပေးမည်ဆိုပါက နိုင်ငံအတွက် အားသစ်များ ဖြစ်ပေါ်လာမည် ဖြစ်ကြောင်း၊ တပ်မတော်သားများ သာမက တပ်မတော်သား မိသားစုများအနေဖြင့်လည်း တပ်မတော်အပေါ်တွင် ချစ်သည့် စိတ်၊ တပ်မတော်ကို အားကိုးသည့် စိတ်များဖြစ်ပေါ်လာအောင် တပ်မှူးများ အနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း။

တပ်မတော် အနေဖြင့် တပ်မတော်သားများနှင့် မိသားစုများ စားသောက်နေထိုင်ရေးနှင့် မိသားစုဝင် ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် အမြဲမပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းများ ပြန်လည် ဖွင့်လှစ်ချိန်တွင် တပ်မတော်သား မိသားစုဝင် ကျောင်းသား ကျောင်းသူများ အားလုံး ကျောင်းတက်ရန်လိုကြောင်း၊ ပညာရည်မြင့်မားရေးအတွက် အားပေးဆောင်ရွက်နေခြင်းမှာ တစ်ဦးတစ်ယောက်ချင်းစီတိုင်းကို ကိုယ့်အားကိုယ်ကိုး၍ မိမိအစွမ်းအစဖြင့် ဘဝတစ်လျှောက်လုံး ရပ်တည်နိုင်ရေး အတွက်ဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးများ ၎င်းတို့ကိုယ်တိုင် ရပ်တည်နိုင်ရေး ပညာသင်ကြားရေးနှင့်ပတ်သက်၍ မိဘများ အနေဖြင့် တာဝန်ရှိကြောင်း၊ ယခုအခါ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထူးချွန်သူများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်များအလိုက် သိပ္ပံများ၊ ကောလိပ်များနှင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ပြီး ၎င်းတို့ အသက်မွေးဝမ်းကျောင်းအတွက် လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်သား မိသားစုဝင်များ ၎င်းကျောင်းများသို့ တက်ရောက်နိုင်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း။

ကျန်းမာရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ **စာမျက်နှာ ၄ သို့** ❒




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးပြောကြားစဉ်။

# ပုဂ္ဂလိကစီးပွားရေးကို မြှင့်တင်နိုင်မှသာလျှင် ပြည်တွင်းစီးပွားရေး ကောင်းမွန်လာမည် မိမိတို့ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးကို တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် မေ ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းရှင်များအား ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာ ကျော်ထွန်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာ ကံဇော်၊ ဦးကိုကို၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာ ချာလီသန်း၊ ဦးအောင်နိုင်ဦး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး**

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးရဲနိုင်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME) များ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များဖြစ်ကြသည့် ဂျဒယ်အာခါ ကော်ဖီလုပ်ငန်းရှင်နှင့် (ရှမ်းအရှေ့)ကော်ဖီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရာထွန်း၊ ကျိုင်းတုံဟိုတယ်လုပ်ငန်းရှင်များအသင်းနာယက ဦးစိုးရွှေ၊ တော်ဝင်မိုင်းယောင်းဆန်စက်၊ **စာမျက်နှာ ၅ သို့** ❖

❒ **စာမျက်နှာ ၃ မှ**

လက်ရှိအချိန်တွင် တစ်ကျော့ပြန်ဖြစ်ပွားလျက်ရှိသဖြင့် သွားလာနေထိုင်မှုများကို ဂရုပြု၍နေထိုင်ကြရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်စားသောက်မှုများကို ဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍ တစ်ဦးချင်းစီအလိုက် ညီညွတ်မျှတသည့် နေထိုင်စားသောက်မှုပုံစံရှိရမည်ဖြစ်ကြောင်း၊ တပ်မတော်မှ ထုတ်ပေးထားသည့် အာဟာရပြည့်ဝသည့် အစားအသောက်များကို ပြည့်ဝစွာစားသုံးရန်လိုကြောင်း၊ အသောက်အစား အပျော်အပါးများကိုလည်း အသိတရားဖြင့် ထိန်းသိမ်း နေထိုင်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သူများ ဖြစ်လာမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ပြည့်ဝစွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစီအလိုက် အသိတရား၊ သတိတရားများဖြင့် နေထိုင်လုပ်ကိုင် ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးက လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံမြို့ နောင်တုံကန်အတွင်း၌ တပ်မတော်(ရေ) ရေကြောင်းလူငယ်အခြေခံသင်တန်း ကျိုင်းတုံစခန်းမှ သင်တန်းသား သင်တန်းသူများ၏ လှေကျင့်ရေးဆောင်ရွက်မှုကို ကြည့်ရှုစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့၊ နောင်တုံကန်အတွင်း၌ လှေကျင့်ရေးဆောင်ရွက်လျက်ရှိသည့် တပ်မတော်(ရေ) ရေကြောင်းလူငယ်အခြေခံသင်တန်း ကျိုင်းတုံစခန်းမှ သင်တန်းသား သင်တန်းသူများကို သွားရောက်တွေ့ဆုံအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား သင်တန်းသား သင်တန်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသား သင်တန်းသူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ယခုဖွင့်လှစ်သည့် သင်တန်းသည် ကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကို အကျိုးရှိရှိအသုံးချနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းမှတစ်ဆင့် မိမိကိုယ်ကိုချစ်စိတ် ထိုမှတစ်ဆင့် နိုင်ငံချစ်စိတ်များဖြစ်ပေါ်လာပြီး နိုင်ငံတော်မှ အားထားရသည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများ ဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းမှ သင်ကြားပေးသည်များကို အမှန်တကယ်တတ်မြောက်သည်အထိသင်ယူကြရန်လိုကြောင်း ရင်းရင်းနှီးနှီး မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက သင်တန်းကာလအတွင်း သင်တန်းသား သင်တန်းသူများ၏ လှေကျင့်ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တာဝန်ရှိသူများက လှေကျင့်သင်ကြားပေးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ရေကြောင်းလူငယ် အခြေခံသင်တန်း ကျိုင်းတုံစခန်းမှ သင်တန်းသား သင်တန်းသူများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ သင်တန်းနည်းပြနှင့် သင်တန်းသား သင်တန်းသူကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၄ မှ
သမဝါယမအသင်းဥက္ကဋ္ဌ ဦးစိုးသီဟ၊ မြန်မာနိုင်ငံ လက်ဖက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အစုအဖွဲ့(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးရှောက်တီနှင့် တက်ရောက်လာကြသူများက ကျိုင်းတုံဒေသတွင် ကော်ဖီကုန်ကြမ်းများ များပြားစွာရရှိနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှုနှင့်အတူ ကော်ဖီစိုက်ကေများ တိုးချဲ့ဆောင်ရွက်လျက်ရှိမှု၊ မျိုးကောင်းမျိုးသန့် စံနှုန်းမီကော်ဖီပျိုးပင်များရရှိရေး ကူညီဆောင်ရွက်ပေးစေလိုမှု၊ ကော်ဖီသည် ဈေးကွက်လိုအပ်ချက်များစွာရှိနေပြီး ဒေသထွက် ကော်ဖီအရည်အသွေးများကို ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်မှုနှင့် ဈေးကွက်ကိုတည်ငြိမ်အောင် ထိန်းသိမ်းဆောင်ရွက်ပေးစေလိုမှု၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ၊ တာချီလိတ်ဒေသများတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးစေလိုမှု၊ မိုင်းယောင်းဒေသတွင် ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအတွင်း သမဝါယမအသင်းအဖွဲ့ ဖွဲ့၍ ဆောင်ရွက်လျက်ရှိမှု၊ ဒေသထွက် လက်ဖက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်နေရာများအား လမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးစေလိုမှု၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် လမ်းပန်းဆက်သွယ်ရေးအလှမ်းကွာဝေးပြီး သွားလာမှုစရိတ်များ မြင့်မားသည့်အတွက် ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှုအဆင်ပြေစေရေး နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဒေသအတွင်း ဆက်သွယ်မှုခက်ခဲသည့် ဒေသများ၌ ဆက်သွယ်ရေးအဆင်ပြေစေရေး တယ်လီဖုန်းလိုင်းများ ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို အသီးသီး တင်ပြဆွေးနွေးကြသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များချမှတ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိမှု၊ ရှမ်းပြည်နယ်အတွင်း ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်လျက်ရှိမှုနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့မှုရှိစေရေးနှင့် လိုအပ်သည့် စက်ကိရိယာများ၊ ယာဉ်ယန္တရားများ၊ အရင်းအနှီးများနှင့် နည်းပညာလိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကူညီဆောင်ရွက်


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။

ပေးမည်ဖြစ်သဖြင့် သက်ဆိုင်ရာဦးစီးဌာနများမှ တစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားစေရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့် စက်ကိရိယာများ၊ အရင်းအနှီးများ မတည်ဆောင်ရွက်ပေးလျက်ရှိမှု၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း သစ်တောဖုံးလွှမ်းမှုပမာဏ ယခုထက်ပိုမိုမြင့်တက်လာစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဒေသခံများအားလုံးကအလေးထားဆောင်ရွက်ကြရန်လိုအပ်မှု၊ ဒေသမှထွက်ရှိသည့်ထုတ်ကုန်များ ဈေးကွက်ရရှိရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)ပြပွဲ၊ ပြိုင်ပွဲများတွင် ဝင်ရောက်ပြသခြင်းနှင့် MSME လုပ်ငန်းကော်မတီနှင့် အမြဲမပြတ် ဆက်သွယ်ဆောင်ရွက်မှုရယူရန် လိုအပ်မှု၊ တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများသည် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာ ထိခိုက်စေနိုင်သောကြောင့် တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးလျက်ရှိသကဲ့သို့ အားလုံးဝိုင်းဝန်းတိုက်ဖျက်ကြရန် လိုအပ်မှုတို့နှင့် ပတ်သက်၍ဆွေးနွေးပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အလေးထားမှတ်သား၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆွေးနွေးတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်နိုင်ရန်အတွက် လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရန်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန် များကို ထမ်းဆောင်နေရချိန်တွင် ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များကိုချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးပြီး တန်ဖိုးမြင့်ထုတ်ကုန်များကိုထုတ်လုပ်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်နိုင်မည်**

ယခုအခါ မိမိတို့နိုင်ငံကို အကြောင်းအမျိုးမျိုးဖြင့် ပိတ်ဆို့နေကြောင်း၊ ပုဂ္ဂလိကစီးပွားရေးကို မြှင့်တင်နိုင်မှသာလျှင် ပြည်တွင်းစီးပွားရေး ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ သယံဇာတပစ္စည်းများနှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ကုန်ကြမ်းရောင်းချခြင်းထက် ကုန်ချောပြုလုပ်၍ ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ တန်ဖိုးမြင့်ထုတ်ကုန်နှင့် ကုန်ချောများကို ထုတ်လုပ်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖြစ်ပေါ်စေမည်ဖြစ်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ နိုင်ငံစီးပွားရေးတိုးတက်ရန်အတွက် မိမိတို့တာဝန်ပင်ဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်ရန်အတွက် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် ကုန်ထုတ်လုပ်မှုတွင် အဓိကကျကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို မြှင့်တင်ပေးနိုင်မည်ဆိုပါက နိုင်ငံစီးပွားရေး မြင့်တက်လာမည်ဖြစ်ကြောင်း။

အာရှနိုင်ငံများအတွင်းရှိသည့် မိမိတို့နိုင်ငံနှင့် Level တူနိုင်ငံများတွင် မိမိတို့နိုင်ငံ၏ဂျီဒီပီသည် နိမ့်ကျလျက်ရှိကြောင်း၊ ထိုသို့ဖြစ်ပေါ်ရခြင်းမှာ နိုင်ငံမတည်ငြိမ်ခြင်းနှင့် ကုန်ထုတ်လုပ်မှုများနည်းပါးခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းခန့်ရှိပြီး အဆိုပါ မိုးစပါးစိုက်ဧကများမှ ၁၃ ဒသမ ၉ သန်းသည် လယ်စိုက်သည့်ဧကများဖြစ်ကြောင်း၊ ယခုနှစ်တွင် စိုက်ပျိုးရန် ဧကငါးသန်းခန့်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံစီးပွားရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေလိုအပ်ချက်ရှိခြင်းကြောင့် စိုက်ပျိုးနိုင်ခြင်းမရှိသည့် နေရာများတွင် စိုက်ပျိုးရေရရှိရေး နိုင်ငံတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

MSME လုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် အရေးကြီးပြီး ကုန်ကြမ်းများရှိမှသာ ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ သွင်းအားစုများဖြစ်သည့် လျှပ်စစ်၊ စက်မောင်းဆီ၊ ပိုးသတ်ဆေးနှင့် အခြားပစ္စည်းများ လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံရန် ငွေကြေးများလိုအပ်သကဲ့သို့ လူသားအရင်းအမြစ်များသည်လည်း မဖြစ်မနေလိုအပ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်း၊ နှစ်ရှည်သီးနှံများဖြစ်သည့် ကော်ဖီ၊ ရော်ဘာ၊ လက်ဖက်စသည့် စက်မှုသီးနှံများကို စိုက်ပျိုးနိုင်ကြောင်း။

**ကော်ဖီနှင့် လက်ဖက် အပါအဝင် ဒေသတွင်း ဖြစ်ထွန်းသည့်သီးနှံများကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရန်လို**

ယခုအခါ ကော်ဖီဈေးကွက်မှာ ပြည်ပလိုအပ်ချက်များ များစွာရှိသဖြင့် ကော်ဖီစိုက်ပျိုးသည့်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ကော်ဖီများကို ပြည်ပသို့တိုက်ရိုက်တင်ပို့နိုင်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကော်ဖီလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ကော်ဖီဈေးကွက်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ရေးအတွက်မှာ မိမိတို့ထုတ်လုပ်သည့်ကော်ဖီ၏ အရည်အသွေးနှင့် တိုက်ရိုက်အချိုးကျသည်ဖြစ်သဖြင့် လုပ်ငန်းစဉ်များအလိုက် ပြည့်ဝစွာဆောင်ရွက်ပြီး အရည်အသွေးကောင်းမွန်သည့်ကော်ဖီကို ထုတ်လုပ်ရန်လိုကြောင်း၊ ကော်ဖီနှင့်ပတ်သက်သည့် ပြည်တွင်း၊ ပြည်ပ လေ့လာရေးခရီးစဉ်များအတွက်လည်း ကော်ဖီလုပ်ငန်းရှင်များအသင်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ လက်ဖက်စိုက်ပျိုးမှုများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဒေသတွင်ဖြစ်ထွန်းနိုင်သည့် သီးနှံများကို ဖြစ်ထွန်းအောင်ဆောင်ရွက်၍ အခြားဒေသသို့ တင်ပို့ရောင်းချနိုင်သကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း တင်ပို့နိုင်ကြောင်း။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခြေအနေများကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ ကျိုင်းတုံဒေသတွင် စားသောက်ကုန်များမှာ ကုန်ဈေးနှုန်းမြင့်မားသည်ကို တွေ့ရှိရကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်ကြီးမြင့်ခြင်းနှင့် ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတခြင်းကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် ယခင်ကဆောင်ရွက်ခဲ့သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများသည် အကြောင်းအမျိုးမျိုးဖြင့် ဖျက်သိမ်းခံရခြင်းနှင့် နှောင့်နှေးခြင်းများဖြစ်ပေါ်ခဲ့သဖြင့် ယခုအခါ နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အား လုံလောက်မှုမရှိမှုကို ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည့် နေရာများစွာရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ ထို့ကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ ပိုမိုများပြားလာခဲ့ပြီး ထုတ်လုပ်မှုကုန်ကျစရိတ်များကြောင့် ကုန်ကျစရိတ်များကြီးမြင့်ခြင်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုဆောင်ရွက်ရာတွင် မိရိုးဖလာဖြင့် ဆောင်ရွက်ခြင်းထက် ခေတ်နှင့်လျော်ညီသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ထုတ်စွမ်းအားများ မြှင့်တင်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် အထွက်နှုန်းများတိုးတက်စေရေး၊ ပန်းတိုင်ရည်မှန်းချက်များပြည့်မီစေရေး ဆောင်ရွက်ရန်နှင့် သီးထပ်စွမ်းအား မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ စာမျက်နှာ ၆ သို့ ❖

- **သယံဇာတပစ္စည်းများနှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ကုန်ကြမ်းရောင်းချခြင်းထက် ကုန်ချောပြုလုပ်၍ ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်**
- **တန်ဖိုးမြင့်ထုတ်ကုန်နှင့် ကုန်ချောများကို ထုတ်လုပ်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖြစ်ပေါ်စေမည်ဖြစ်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်**
- **စီးပွားရေးတိုးတက်ရန်အတွက် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ရမည်**
- **စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို မြှင့်တင်ပေးနိုင်မည်ဆိုပါက နိုင်ငံစီးပွားရေး မြင့်တက်လာမည်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကျိုင်းတုံမြို့ရှောင်လမ်းဖောက်လုပ်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

❖ စာမျက်နှာ ၅ မှ

စနစ်တကျစိုက်ပျိုးမည်ဆိုပါက ပန်းတိုင်ရည်မှန်းချက်များကို ပြည့်မီနိုင်မည်ဖြစ်ပြီး နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နေကြာ၊ ပန်းနှမ်း၊ မြေပဲကဲ့သို့သော ဆီထွက်သီးနှံများကို စိုက်ပျိုးနိုင်ကြောင်း၊ ဒေသတွင်း ဆီထွက်သီးနှံများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်၍ ဒေသ၏ ဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဆိုပါက ဒေသအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း စားရေးအတွက် လိုအပ်သည့် အသား၊ ငါးနှင့် ဥများကို လုံလောက်စွာရရှိနိုင်မည်ဖြစ်ပြီး အသားဈေးကြီးမြင့်မှုကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ဒေသအတွင်း မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လိုသူများ အနေဖြင့် နိုင်ငံတော်မှ ရင်းနှီးမတည်ငွေများကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များကို ကုန်ချောက်အဖြစ် ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်သကဲ့သို့ ယိုလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ကြောင်း၊ ရော်ဘာထုတ်လုပ်မှုများကိုလည်း မြှင့်တင်ဆောင်ရွက်ရန်လိုကြောင်း၊ ဒေသတွင်း ဖြစ်ထွန်းသည့် ကောက်ညှင်းကိုလည်း တန်ဖိုးမြင့်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်မည်ဆိုပါက ထုတ်ကုန်များ ပိုမိုရရှိမည်ဖြစ်ကြောင်း။

### ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအနေဖြင့်လည်း တည်းခိုရန်နေရာများ၊ စားသောက်ဖွယ်ရာများ၊ ဒေသထွက် အစားအသောက်များကို အဆင့်မီစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်လိုကြောင်း၊ ကျိုင်းတုံလေဆိပ်နှင့် တာချီလိတ်လေဆိပ်တို့ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အိမ်နီးနားချင်းနိုင်ငံများမှ လေကြောင်းခရီးစဉ်ဖြင့် ပြည်ပခရီးသွားများဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဒေသသို့ ခရီးသွားများလာရောက်သည့်အချိန်တွင် အသင့်ဖြစ်စေရေးအတွက် ဒေသသာယာလှပရေးနှင့် တည်းခိုမည့်နေရာများကောင်းမွန်စေရေး ဒေသခံများအနေဖြင့် ပြင်ဆင်ဆောင်ရွက်ထားကြစေလိုကြောင်း။

### လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပညာတတ်များ မွေးထုတ်ပေးရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် လူသားအရင်းအမြစ်များ ရရှိရေးအတွက် ခရိုင် ၅၀ တွင် စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများကို ဖွင့်လှစ်ရန်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူသွားနိုင်ရေး သိပ္ပံများ၊ ကောလိပ်များနှင့် တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေခြင်းဖြစ်သော်လည်း ဒီမိုကရေစီ၏အခြေခံဖြစ်သည့် ဥပဒေအားလေးစားလိုက်နာခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေး အသိအမြင်ရှိခြင်းတို့၌ အားနည်းချက်များရှိကြောင်း၊ ထို့ကြောင့် ကျောင်းသားကျောင်းသူများအနေဖြင့် စီးပွားရေးပညာရပ်များကို သိရှိစေရေးနှင့် ဥပဒေဆိုင်ရာများကို နားလည်စေရေးအတွက် တက္ကသိုလ်များ၌ စီးပွားရေးဘာသာရပ်များနှင့် ဥပဒေဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အင်တိုက်အားတိုက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း မိမိတို့ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးကို တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ဒေသတွင်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

### ဒေသထုတ်ကုန်ပစ္စည်း ခင်းကျင်းထားရှိမှုအား ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် သယံဇာတတွင်းထွက်ထုတ်ကုန်များ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြသည်။

### ကျိုင်းတုံမြို့ရှောင်လမ်း ဖောက်လုပ်နေမှုများအား ကြည့်ရှုစစ်ဆေး

ထို့အပြင် ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ရှောင်လမ်းဖောက်လုပ်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲလင်းက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိုးများသည့်အချိန်တွင် တောင်ကျရေများသဖြင့် မိုးရာသီမရောက်မီကာလအတွင်း မြေလုပ်ငန်းများကို ပြီးပြတ်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ မြေဖြတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြေပြိုခြင်းများ မဖြစ်ပေါ်စေရေး စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ လမ်းရေရှည်ခိုင်ခံ့စေရေး ကြိုတင်တွက်ချက်တည်ဆောက်ရန်လိုကြောင်း၊ လမ်းဖောက်လုပ်မှုအား သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်နှင့် လမ်းဘေးဝဲ/ယာရှိ လမ်းနယ်များအတွင်း၌ သစ်ပင်များစိုက်ပျိုးရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ရှောင်လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ ကျောဖုံးမှ

နေပြည်တော် ကောင်စီဝင်၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အမှာစကားပြောကြား

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးသည် ညီလာခံချောမွေ့အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ညီလာခံ ရည်မှန်းချက် အောင်မြင်ရေးအတွက် ကျင်းပသည့် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ ပထမအကြိမ် အစည်းအဝေးကို ဧပြီ ၂၅ ရက်တွင် ကျင်းပခဲ့ပြီး ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အစည်းအဝေးတွင် ညီလာခံအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ပြီးစီးမှုများနှင့် ဆုံးဖြတ်ရမည့် အကြောင်းအရာများကို ညှိနှိုင်းဆွေးနွေးကြရန် ဖြစ်ကြောင်း။

ယခုကျင်းပမည့် ပညာရေးညီလာခံသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် ပထမဆုံးကျင်းပမည့် ညီလာခံဖြစ်ပြီး ပညာရေးနှင့် ဆက်စပ်သည့် ဝန်ကြီးဌာန ၁၁ ခု စုပေါင်းကျင်းပသည့် ညီလာခံဖြစ်ကြောင်း၊ ညီလာခံကို လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရေးနှင့် အနာဂတ်ပညာရေး နယ်ပယ်ကဏ္ဍများ အချိန်နှင့်တစ်ပြေးညီ တိုးတက်စေရန်ရည်ရွယ်၍ စာတမ်းများဖတ်ကြားခြင်း၊ ဆွေးနွေးပွဲ ကျင်းပခြင်းများ ဆောင်ရွက်ကြမည် ဖြစ်ကြောင်း၊ အဆိုပါ ဆွေးနွေးပွဲများမှတစ်ဆင့် ပညာရေးဆိုင်ရာများကို အဖြေရှာသုံးသပ်ပြီး ထွက်ပေါ်လာသည့် အဖြေပေါ်မူတည်၍ ဆောင်ရွက်သွားကြမည့် ညီလာခံကြီး ဖြစ်ကြောင်း။

**❖ ယခုကျင်းပမည့် ပညာရေးညီလာခံသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ လက်ထက်တွင် ပထမဆုံးကျင်းပမည့် ညီလာခံဖြစ်ပြီ ပညာရေးနှင့် ဆက်စပ်သည့် ဝန်ကြီးဌာန ၁၁ ခု စုပေါင်းကျင်းပသည့် ညီလာခံဖြစ်ကြောင်း၊ ညီလာခံကို လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရေးနှင့် အနာဂတ်ပညာရေးနယ်ပယ်ကဏ္ဍများ အချိန်နှင့်တစ်ပြေးညီ တိုးတက်စေရန်ရည်ရွယ်၍ စာတမ်းများဖတ်ကြားခြင်း၊ ဆွေးနွေးပွဲကျင်းပခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ အဆိုပါ ဆွေးနွေးပွဲများမှတစ်ဆင့် ပညာရေးဆိုင်ရာများကို အဖြေရှာသုံးသပ်ပြီး ထွက်ပေါ်လာသည့် အဖြေပေါ်မူတည်၍ ဆောင်ရွက်သွားကြမည့် ညီလာခံကြီးဖြစ်**

ယခင်အစိုးရအဆက်ဆက် ပညာရေးမြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် မြင့်မားရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့ကြကြောင်း၊ **"အမျိုးသား ပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း"** ကို ၂၀၀၀-၂၀၀၁ ဘဏ္ဍာနှစ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်အထိ လေးနှစ် စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ခဲ့ကြောင်း၊ ထို့ပြင် **"အမျိုးသား ပညာရည်မြင့်မားရေး နှစ် (၃၀) နှစ်ရှည်စီမံကိန်း"** ကို စီမံကိန်းကာလ ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ ချမှတ်အကောင်အထည်ဖော်ခဲ့ပြီး နှစ် ၃၀ နှစ်ရှည်စီမံကိန်းကို **ငါးနှစ်စီမံကိန်းခြောက်ခု** သတ်မှတ်ခဲ့ကြောင်း။

၂၀၀၃ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ နှစ်စဉ် ရန်ကုန်မြို့ စိန်ရတုခန်းမ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်နှင့် မော်လမြိုင်တက္ကသိုလ်တို့တွင် အလှည့်ကျကျင်းပခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း။

ယခုညီလာခံကို ပညာရေးဝန်ကြီးဌာနတစ်ခုတည်းသာမက ဆက်စပ်နေသည့် ဝန်ကြီးဌာန ၁၁ ခုနှင့်အတူ ညီလာခံသို့ တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပညာရှင်များ စုပေါင်းဆောင်ရွက်ကြမည်ဖြစ်၍ ယခုကျင်းပမည့် ညီလာခံကြီးသည် ကြီးကျယ်သည့် အခမ်းအနားကြီးဖြစ်လာမည်ဖြစ်ကြောင်း၊ ညီလာခံကြီးအောင်မြင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် ဆပ်ကော်မတီများအနေဖြင့် ညီလာခံအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည်များကို အသေးစိတ်ပွင့်လင်းစွာဆွေးနွေးကြစေလိုကြောင်း၊ ယခုကျင်းပမည့် ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဘက်ပေါင်းစုံ ရှုထောင့်ပေါင်းစုံမှ စနစ်တကျ ပူးပေါင်း စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပညာရေးညီလာခံအောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် လုံခြုံရေးဆပ်ကော်မတီ၊ စကားဝိုင်းဆွေးနွေးပွဲဆပ်ကော်မတီ၊ စာတမ်းလက်ခံခြင်းနှင့် စိစစ်အတည်ပြုရေးဆပ်ကော်မတီ၊ ပြခန်းများခင်းကျင်းပြသရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီ၊ မှတ်တမ်းပြုစုရေးနှင့် ပုံနှိပ်ထုတ်ဝေရေးဆပ်ကော်မတီ၊ ဖျော်ဖြေရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီနှင့် သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ပြီးစီးမှုများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းဘုရင့်လေတပ်မှ ဒုတိယဗိုလ်ချုပ်ကြီး Air Marshal Chainat Phonkit ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လေ့လာရေးလာရောက်လည်ပတ်

**နေပြည်တော် မေ ၁၂**

တပ်မတော်(လေ)နှင့် ထိုင်းဘုရင့်လေတပ်တို့အကြား (၇)ကြိမ်မြောက် Air Working Group အစည်းအဝေးသဘောတူညီချက်အရ အဆင့်မြင့်အရာရှိကြီးများ အပြန်အလှန် လေ့လာရေးအစီအစဉ်အဖြစ် ထိုင်းဘုရင့်လေတပ်မှ Air Marshal Chainat Phonkit ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်ငါးဦးသည် မေ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ကြရာ တပ်မတော်(လေ)မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

### သွားရောက်လေ့လာ

အဆိုပါ Air Marshal Chainat Phonkit ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၉ ရက် နံနက်ပိုင်းတွင် တပ်မတော်(လေ)မှ စစ်ဦးစီးအရာရှိချုပ်(လေ)နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး အထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန် လဲလှယ်ခဲ့ကြကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။ ထို့နောက် ထိုင်းဘုရင့်လေတပ်မှ အဆင့်မြင့်အရာရှိကြီးများ ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြပြီး ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

ဆက်လက်၍ Air Marshal Chainat Phonkit ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်သို့ သွားရောက်ဖူးမြော်ပြီး ဆင်ဖြူတော်အားကြည့်ရှုလေ့လာခဲ့ကြသည်။ ထို့နောက် Air Marshal Chainat Phonkit ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုခဲ့ကြသည်။ ယင်းနောက် မွန်းလွဲပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် လေကြောင်း အတတ်သင် လေတပ်စခန်းဌာနချုပ်နှင့် လေကြောင်း စစ်ဆင်ရေးသင်တန်းကျောင်းသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူတစ်ဦးက တပ်သမိုင်း၊ လေကြောင်းစစ်ဆင်ရေး သင်တန်းကျောင်းနှင့် လေယာဉ်မောင်းသင်ကျောင်းဆိုင်ရာ အကြောင်းအရာများ ရှင်းလင်းပြသသည်။



ထိုင်းဘုရင့်လေတပ်မှ ဒုတိယဗိုလ်ချုပ်ကြီး Air Marshal Chainat Phonkit နေပြည်တော်ရှိ ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်လေ့လာစဉ်။

ထို့နောက် အဆိုပါအဖွဲ့သည် လေကြောင်း အတတ်သင်လေတပ်စခန်း ဌာနချုပ်ရှိ ပြခန်းအား ကြည့်ရှုကြပြီး လေယာဉ်မောင်းသင်ကျောင်းသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူတစ်ဦးက လေယာဉ်လေးမျိုးအား ရှင်းလင်းပြသကာ လေယာဉ်မောင်းသင်တန်းသားများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။ ယင်းနောက် မေ ၁၁ ရက်နံနက်ပိုင်းတွင် ညောင်ပွားပင်ဘုရားအား သွားရောက်ဖူးမြော်ကြပြီး လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်မှူးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာ စားပွဲသို့ တက်ရောက်ကြသည်။

### တည်ခင်းဧည့်ခံ

မေ ၁၁ ရက်တွင် Air Marshal Chainat Phonkit ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်နှင့် ဗိုလ်တထောင်ဘုရား တို့သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ လှည့်လည်ကြည့်ရှုကာ ညပိုင်း၌ ထိုင်းလေတပ် စစ်သံမှူးရုံးမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

Air Marshal Chainat Phonkit ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြရာ တပ်မတော်(လေ)မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၂**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကုမ္ပဏီများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် Pilot Project ကာလအတွင်း ကော်မတီ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ဆက်လက်အကောင်အထည်ဖော်မည့်ကိစ္စရပ်များကို ဆွေးနွေးအတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် တွေ့ဆုံ




**နေပြည်တော် မေ ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာရုံးသို့ သွားရောက်၍ ဝန်ကြီးဌာနလက်အောက် ဌာနများဖြစ်သော ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး၊ မြန်မာအမျိုးသားလေကြောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် မြန်မာ့စာတိုက်တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်၊ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆)ချက်အပါအဝင် ဝန်ထမ်းကျင့်ဝတ်များကိုလိုက်နာရန်၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်၍ ဌာနအကျိုးကို သယ်ပိုးနိုင်သူများဖြစ်လာစေရေး ကြိုးပမ်းအားထုတ်ကြရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် ဌာနအသီးသီး၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်၊ စွမ်းဆောင်ရည်သတ်မှတ်ချက်များအတိုင်း အစဉ်နှလုံးသွင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သို့မှသာ "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဟူသည့် ဆောင်ပုဒ်အတိုင်း မိမိတိုင်းပြည်အပေါ် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ဌာနများမှတင်ပြသော လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်နေမှု၊ အခက်အခဲများ၊ ဝန်ထမ်းများနှင့် စပ်လျဉ်းသည့် သက်သာချောင်ချိရေး၊ နေထိုင်ရေး၊ ကျန်းမာရေး အခက်အခဲများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တွဲဖက်ပြည်နယ်ရုံးသို့သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပြည်သူလူထုကို ဝန်ဆောင်မှုများပေးနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ယာဉ်ရပ်နားကွင်း၊ စစ်ဆေးရေးကွင်းများ အဆင့်မြှင့်တင်ရန် လိုအပ်ချက်များမှာကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ဖြည့်တင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**သတင်းစဉ်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ စိုက်ပျိုးမြေဧရိယာအားလုံး၌ တစ်ကေချင်း၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးကြိုးပမ်းလျက်ရှိ

**နေပြည်တော် မေ ၁၂**

ကုန်းမြင့်ဒေသနေပြည်သူများ၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ပြည့်စုံစေရန်နှင့် လူမှုဘဝတိုးတက်မြင့်မားလာစေရန် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးနည်းစနစ်အစား ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ ရေခံမြေခံကောင်းရှိပြီး သီးနှံစုံ စိုက်ပျိုးဖြစ်ထွန်းသည့် ရှမ်းပြည်နယ်၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပြောင်းလဲတိုးတက်ရေးနှင့် တန်ဖိုးမြင့်ကုန်ချောထုတ်လုပ်မှု ဖွံ့ဖြိုးလာရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း ယမန်နေ့ မွန်းလွဲပိုင်းက ရှမ်းပြည်နယ် ကျိုင်းတုံမြို့၌ လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြောကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရန်ကျန်ရှိသည့် မြေများတွင် စိုက်ပျိုးမှုများဆောင်ရွက်နိုင်ရေး၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် တစ်ဧကချင်း အထွက်နှုန်းများ တိုးတက်စေရေး အလေးထားဆောင်ရွက်ပေးစေလိုသည်ဟု လမ်းညွှန်မှုပြုထားကြောင်း၊ နိုင်ငံတော်၏ စားရေရိက္ခာဖူလုံပိုလျှံရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး မျှော်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ကြရမည့်တာဝန်သည် မိမိတို့ဝန်ကြီးဌာန တာဝန်ရှိသူအဆင့်ဆင့်၏ ပခုံးပေါ်တွင် ရှိနေသည်ကို အလေးဂရုပြုပြီး မိမိတာဝန်ယူထားသည့် ဒေသ ပြောင်းလဲတိုးတက်ရေး၊ မိမိတာဝန်ခံထားသည့် လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း၊ ဒေသအလိုက် မတူညီသည့် ရေမြေရာသီဥတု အခြေအနေအရပ်ရပ်ပေါ်အခြေခံ၍ စိုက်ပျိုးသီးနှံများ သုတေသနပြုရေးသည် အရေးကြီးကြောင်း၊ ဒေသသုတေသနစခန်းအနေဖြင့် မိမိတို့လုပ်ငန်းတာဝန်များအောင်မြင်စေမည့် အခွင့်အရေးကောင်းအဖြစ် ဖော်ထုတ်အသုံးချနိုင်ရေး တီထွင်ကြံဆဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ဆွေးနွေးမှာကြားသည်။




ထို့နောက် ပြည်နယ်နှင့် ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဘဏ္ဍာနှစ်အလိုက် ဆက်လက်အကောင်အထည်ဖော်မည့် အစီအစဉ်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မိုးစပါး ၂၈၀၀၀၀ ကျော်၊ နွေစပါး ၈၀၀၀ ကျော် အပါအဝင် အဓိကသီးနှံ ၁၀ မျိုး၏ စုစုပေါင်းစိုက်ဧက ၃၆၀၀၀၀ ကျော်ရှိကြောင်း၊ ကျိုင်းတုံခရိုင်၌ အသားတင်စိုက်ပျိုးမြေဧက ၂၁၀၀၀၀ ကျော်ရှိပြီး ၂၀၂၂-၂၀၂၃ မိုးစပါး ဧက ၁၄၀၀၀၀ ကျော် နွေစပါးဧက ၇၀၀၀ ခန့် အပါအဝင် အဓိကသီးနှံ ၁၀ မျိုးစိုက်ဧကပေါင်း ၁၉၀၀၀၀ ကျော်နှင့် သီးနှံစုံစိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ ရေမြေအခြေအနေပေးသည့် ဒေသများ စိုက်ပျိုးမြေဧရိယာအားလုံး၌ တစ်ဧကချင်း၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး၊ တောင်သူတစ်ဦးချင်း၏ ကုန်ထုတ်စွမ်းအားမြှင့်တင်နိုင်ရေးအတွက် ဆက်စပ်ဌာနများ၊ ပုဂ္ဂလိကများနှင့် ဒေသခံတောင်သူများအကြား ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဂ္ဂလိကပညာရေးဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ပုဂ္ဂလိကပညာရေးဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၅၀ / ၂၀၂၃**
**၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်**
**(၂၀၂၃ ခုနှစ်၊ မေလ ၁၂ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပုဂ္ဂလိကပညာရေးဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော စကားရပ်များသည် အမျိုးသားပညာရေးဥပဒေတွင်ပါရှိသည့် စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရပညာရေးဝန်ကြီးဌာန ကိုဆိုသည်။

(ခ) **ဦးစီးဌာန** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော ဦးစီးဌာနကိုဆိုသည်။

(ဂ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဝန်ကြီးဌာနက ဖွဲ့စည်းသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

(ဃ) **ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေနှင့်အညီ ဖွဲ့စည်းထားသော သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့ကိုဆိုသည်။

(င) **ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း** ဆိုသည်မှာ ဤဥပဒေနှင့်အညီ မှတ်ပုံတင် တည်ထောင်ထားသည့် ကျောင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေနှင့်အညီ မှတ်ပုံတင်ထားသည့် ကျောင်းခွဲများလည်း ပါဝင်သည်။

(စ) **ပုဂ္ဂလိကပညာရေး** ဆိုသည်မှာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများက ဝန်ကြီးဌာန၏ ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ ဖော်ဆောင်သော ပညာရေးကိုဆိုသည်။

(ဆ) **တည်ထောင်သူ** ဆိုသည်မှာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက ကျောင်းကို အရင်းအနှီးထည့်ဝင်ပြီး တည်ထောင်ဖွင့်လှစ်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ဇ) **စီမံအုပ်ချုပ်သူ** ဆိုသည်မှာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေးဆိုင်ရာ ကိစ္စများကို တာဝန်ခံ ဆောင်ရွက်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ဈ) **ပုဂ္ဂလိကကျောင်းဆရာ** ဆိုသည်မှာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းတစ်ခုခုတွင် သင်ကြားရေးတာဝန်ထမ်းဆောင်ရန် သက်ဆိုင်ရာဥပဒေပါ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံပြီး ဤဥပဒေအရ မှတ်ပုံတင်ထားသည့် သင်ကြားပို့ချသူကို ဆိုသည်။

(ည) **ထပ်ဆောင်းဘာသာရပ်**ဆိုသည်မှာ သတ်မှတ်ထားသော ကျောင်းသင်ဘာသာရပ်များအပြင် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထပ်ဆောင်းသင်ကြားပေးသော ဘာသာစကားနှင့် ဘာသာရပ်များကို ဆိုသည်။

(ဋ) **ထပ်ဆောင်းသင်ခန်းစာများ** ဆိုသည်မှာ ကျောင်းသင်ဘာသာရပ်ပါ သင်ခန်းစာများအပြင် ထပ်ဆောင်းသင်ကြားသည့် သင်ခန်းစာများ၊ ထပ်ဆောင်း ဘာသာရပ်တွင် သင်ကြားသည့် သင်ခန်းစာများကို ဆိုသည်။

(ဌ) **ကြော်ငြာ** ဆိုသည်မှာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် စပ်လျဉ်း၍ စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ အမူအယာဖြင့်ဖြစ်စေ၊ အသံဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ လူတစ်ဦး သို့မဟုတ် လူအများကိုသိစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းကိုဆိုသည်။

### အခန်း (၂)
### ပုဂ္ဂလိကပညာရေး၏ ရည်မှန်းချက်များ

၃။ ပုဂ္ဂလိကပညာရေး၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပညာရေးတွင် ပုဂ္ဂလိက ကဏ္ဍကို မြှင့်တင်ခြင်းဖြင့် အသိပညာ အတတ်ပညာများ တတ်မြောက်သော ပညာတတ်များ မွေးထုတ်၍ နိုင်ငံတော်၏ လူမှုစီးပွား မြင့်မားတိုးတက်လာစေရန်၊

(ခ) ပညာရေးကဏ္ဍအသီးသီးတွင် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ စနစ်တကျ ဖွံ့ဖြိုးပြီး နိုင်ငံတကာအဆင့်မီပညာရေးကို အကောင်အထည်ဖော်ရန်၊

(ဂ) အမျိုးသားပညာရေးဆိုင်ရာ မူဝါဒနှင့်အညီ သုတေသန လုပ်ငန်းများ ဖွံ့ဖြိုးစေရန်၊

(ဃ) အလုပ်အကိုင်အခွင့်အလမ်းကို ဖော်ဆောင်သည့် စဉ်းစားတွေးခေါ်မှုကို အားပေးသော အသိပညာ အတတ်ပညာများ သင်ကြားတတ်မြောက်စေရေး အတွက် လေ့ကျင့်ပျိုးထောင်ပေးရန်၊

(င) ပညာရပ်အသီးသီးကို အသက်မွေးဝမ်းကျောင်း အထောက်အကူပြုရေးအတွက် ဦးတည်သင်ကြား လေ့ကျင့်ပေးရန်။

### အခန်း (၃)
### ပုဂ္ဂလိကပညာရေးဆိုင်ရာ အခြေခံမူများ

၄။ ပုဂ္ဂလိကပညာရေးဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်၏ ပညာရေးမူဝါဒများနှင့်အညီ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

(ခ) ပုဂ္ဂလိကကျောင်းဆရာ၊ သင်ယူသူနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးကို စဉ်ဆက်မပြတ် တိုးတက်အောင်ဆောင်ရွက်ရေး၊

(ဂ) ပညာရေးနယ်ပယ်အသီးသီးတွင် ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာပူးပေါင်းပါဝင် ဆောင်ရွက်မှု မြှင့်တင်ရေး၊

(ဃ) နိုင်ငံတကာအသိအမှတ်ပြုပြီး အရည်အသွေး အာမခံချက်ရှိသည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ ပေါ်ထွက်လာရေး၊

(င) နိုင်ငံသားတိုင်း လွတ်လပ်စွာ ပညာသင်ယူခွင့်ရရှိပြီး တစ်သက်တာစဉ်ဆက်မပြတ်လေ့လာသင်ယူနိုင်သော ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးရေး၊

(စ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ တည်ထောင်သူများ၊ စီမံအုပ်ချုပ်သူများ၊ ပုဂ္ဂလိကကျောင်းဆရာများ၊ ဝန်ထမ်းများ၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး၊

(ဆ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းတွင် သင်ယူသူများ၏ အခွင့်အရေး မဆုံးရှုံးစေရန်နှင့် ကျောင်းသားမိဘများ၏ နစ်နာဆုံးရှုံးမှုများ မရှိစေရန် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး၊

(ဇ) ကိုယ်ပိုင်သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် တက္ကသိုလ်ဖြစ်ပါက သင်ယူသူ၏ဆန္ဒကို အခြေခံပြီး သတ်မှတ်ထားသော အရည်အချင်းပြည့်မီမှုအရ ရွေးချယ်နိုင်ခွင့်ရှိသော တက္ကသိုလ်ဝင်ခွင့်စနစ်ကို သက်ဆိုင်ရာ တက္ကသိုလ် ပဋိညာဉ်စာတမ်းနှင့်အညီ ကျင့်သုံးစေရေး၊

(ဈ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများတွင် ဘာသာရေး၊ နိုင်ငံရေးလွှမ်းမိုးမှုနှင့် ယင်းတို့၏ ဝင်ရောက်စွက်ဖက်မှုတို့မှ ကင်းလွတ်စေရေး။

### အခန်း (၄)
### ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအမျိုးအစား

၅။ (က) ဤဥပဒေနှင့်အညီ မှတ်ပုံတင်ရမည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အမျိုးအစားများမှာ အောက်ပါ အတိုင်းဖြစ်သည်-

(၁) ကိုယ်ပိုင်သို့မဟုတ်ပုဂ္ဂလိကအခြေခံပညာကျောင်း၊

(၂) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက နည်းပညာနှင့် သက်မွေးဆိုင်ရာပညာရေးနှင့် လေ့ကျင့်ရေး ကျောင်း၊

(၃) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအဆင့်မြင့် ပညာ ကျောင်း၊

(၄) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း။

(ခ) ပုဒ်မခွဲ(က)ပါ မှတ်ပုံတင်ရမည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အမျိုးအစားများတွင် အကျိုးအမြတ်ယူသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၊ ရရှိလာသော အကျိုးအမြတ်များကို တစ်စုံတစ်ရာ ရယူခံစားခြင်း မရှိဘဲ ယင်းကျောင်း၏ ပညာရေးလုပ်ငန်းများအတွက်သာ သုံးစွဲသည့် အကျိုးအမြတ်မယူသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် ယင်းကျောင်းများ၏ ကျောင်းခွဲအသီးသီးလည်း ပါဝင်သည်။

### အခန်း (၅)
### ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း တည်ထောင်ခြင်း

၆။ ပုဒ်မ ၅ ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို တည်ဆဲမြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ သက်ဆိုင်ရာဥပဒေများနှင့် ညီညွတ်ပါက ဤဥပဒေနှင့်အညီ မှတ်ပုံတင်၍ တည်ထောင်ရမည်။

၇။ တည်ထောင်လိုသူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း တည်ထောင်ရန်အတွက် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေး အဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၈။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် -

(က) အစိုးရကျောင်းနှင့် အကျိုးတူ ပူးပေါင်းလုပ်ဆောင်မှုကို ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများ၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

(ခ) အစိုးရကျောင်းမဟုတ်သော အခြားကျောင်းအမျိုးအစားများနှင့် ပူးပေါင်း၍ဖြစ်စေ၊ တွဲဖက်၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ပူးပေါင်းလုပ်ဆောင်မှုကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

### အခန်း (၆)
### ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ဝန်ကြီးဌာနသည် -

(က) ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | |
|---|---|
| (၁) ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (၃) ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (၄) ညွှန်ကြားရေးမှူးချုပ်၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၆) ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာန | အဖွဲ့ဝင် |
| (၇) ညွှန်ကြားရေးမှူးချုပ်၊ လေ့လာဆန်းစစ် အကဲဖြတ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (၉) အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီအဖွဲ့ဝင်သုံးဦး | အဖွဲ့ဝင် |
| (၁၀) အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ကော်မတီ အဖွဲ့ဝင်သုံးဦး | အဖွဲ့ဝင် |
| (၁၁) ညွှန်ကြားရေးမှူးချုပ်/ အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၂) ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| (၁၃) ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |
| (၁၄) ညွှန်ကြားရေးမှူးချုပ်၊ ဆရာအတတ်ပညာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး(၃) |

(ခ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပုဒ်မခွဲ(က) ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

၁၀။ ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်းဖြစ်သည် -

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အမျိုးအစား အလိုက်ထားရှိရမည့်စံချိန်စံညွှန်းများသတ်မှတ်ပေးခြင်း၊

(ခ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင် လျှောက်ထားရာတွင် တင်ပြရမည့် လိုအပ်ချက်များကို သတ်မှတ်ပေးခြင်း၊

စာမျက်နှာ ၁၀ သို့ ❖

❖ စာမျက်နှာ ၉ မှ

(ဂ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်း၊ နိုင်ငံတကာ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် နိုင်ငံခြားသား ပုဂ္ဂလိကကျောင်းဆရာ ပါဝင်သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို မှတ်ပုံတင် လက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ပေါင်းစည်းခြင်း၊ အပြီးပိတ်သိမ်းခြင်း၊ သင်တန်းရပ်နားခြင်းတို့နှင့်စပ်လျဉ်း၍ ခွင့်ပြုခြင်း သို့မဟုတ်ငြင်းပယ်ခြင်း၊

(ဃ) ပုဒ်မခွဲ (ဂ) ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများက မှတ်ပုံတင်သက်တမ်းအတွင်း သင်တန်းရပ်နားရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သင်ယူသူများ၏ အခွင့်အရေး မဆုံးရှုံးစေရန်နှင့် ကျောင်းသားမိဘများ၏ နစ်နာဆုံးရှုံးမှုများ မရှိစေရန် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုပေးခြင်း၊

(င) ဤဥပဒေအရ ပေးသွင်းရမည့် မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေးနှင့် အခြားအခကြေးငွေတို့ကို သတ်မှတ်ခြင်းနှင့် ယင်းကိစ္စရပ်များအတွက် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးခြင်းတို့ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(စ) ပုဒ်မခွဲ(ဂ)ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း တည်ထောင်သူ သို့မဟုတ် စီမံအုပ်ချုပ်သူ ပြောင်းလဲခြင်း၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏အမည် ပြောင်းလဲခြင်း သို့မဟုတ် တည်နေရာ ပြောင်းရွှေ့ဖွင့်လှစ်ခြင်းတို့ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဆ) နိုင်ငံခြားသား ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင် လက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဇ) ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၊ မှတ်ပုံတင်အရာရှိချုပ်နှင့် မှတ်ပုံတင်အရာရှိတို့အား ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဈ) လိုအပ်သော လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ည) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၁။ **ကြီးကြပ်ရေးအဖွဲ့သည် –**

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်း၊ နိုင်ငံတကာ သင်ရိုးညွှန်းတမ်းနှင့်သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် နိုင်ငံခြားသား ပုဂ္ဂလိကကျောင်းဆရာ ပါဝင်သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ပေါင်းစည်းခြင်း၊ အပြီးပိတ်သိမ်းခြင်း၊ သင်တန်းရပ်နားခြင်းတို့နှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ စိစစ်တင်ပြချက်ကို သတ်မှတ်ချိန်အတွင်း စိစစ်ဆုံးဖြတ်ရမည်။

(ခ) နိုင်ငံခြားသားပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်နှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ စိစစ်တင်ပြချက်ကို သတ်မှတ်ချိန်အတွင်း စိစစ်ဆုံးဖြတ်ရမည်။

(ဂ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများသည် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် ကြီးကြပ်ဆောင်ရွက်ရမည်။

(ဃ) အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု အကဲဖြတ်ကော်မတီက ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ ပညာရေးဆိုင်ရာ အဆင့်အတန်းနှင့် အရည်အသွေး အကဲဖြတ်ရာတွင် ကူညီပံ့ပိုးရမည်။

(င) ကိုယ်ပိုင်သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ ပညာရေးဆိုင်ရာ အဆင့်အတန်းနှင့် အရည်အသွေးသည် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ၏ သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရန် ကြီးကြပ်ဆောင်ရွက်ရမည်။

(စ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အမျိုးအစားအလိုက် အပ်နှင်းသော သင်တန်းပြီးဆုံးကြောင်းလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့၊ ဂုဏ်ထူးဆောင်ဘွဲ့များသည် သတ်မှတ်ချက်များနှင့်ပြည့်စုံမှု ရှိ မရှိ စိစစ်ကြီးကြပ်ရမည်။

(ဆ) ကိုယ်ပိုင်သို့မဟုတ်ပုဂ္ဂလိကကျောင်းများ တည်ထောင်ရာတွင် ကျောင်းအမျိုးအစားအလိုက် ရင်းနှီးမြှုပ်နှံနိုင်မှုပမာဏ၏ စစ်မှန်မှုကို စစ်ဆေးရမည်။

(ဇ) နိုင်ငံခြားသားပုဂ္ဂလိကကျောင်းဆရာများ၏ အရည်အသွေးအဆင့်အတန်းသည် ဝန်ကြီးဌာနက ချမှတ်သော မူဝါဒနှင့်အညီ ဖြစ်စေရန် စိစစ်ဆောင်ရွက်ရမည်။

(ဈ) နိုင်ငံခြားသားပုဂ္ဂလိက ကျောင်းဆရာ ရရှိထားသော ဘွဲ့ဘာသာရပ်ဖြင့်ဖြစ်စေ၊ ကျွမ်းကျင်သော အခြားဘာသာရပ်ဖြင့်ဖြစ်စေ သင်ကြားခွင့်ရရှိစေရန် စိစစ်ခွင့်ပြုရမည်။

၁၂။ ကြီးကြပ်ရေးအဖွဲ့နှင့် ယင်းက ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့ များသည် မည်သည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကိုမဆို အခါအားလျော်စွာ သွားရောက်စစ်ဆေးခြင်း၊ လိုအပ်ပါက ဓာတ်ပုံ ဗီဒီယိုမှတ်တမ်းများ ရယူခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများကို ကြည့်ရှုခြင်းနှင့် မိတ္တူကူးယူခြင်းများ ပြုလုပ်နိုင်သည်။

၁၃။ ဦးစီးဌာနသည် ကြီးကြပ်ရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်၍ ယင်းအဖွဲ့၏ ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

## အခန်း (၇)
## ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၄။ ကြီးကြပ်ရေးအဖွဲ့သည် –

(က) ပြည်ထောင်စုနယ်မြေ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက ကျောင်း ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် –

(၁) နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သောကောင်စီဝင် — ဥက္ကဋ္ဌ

(၂) ပြည်ထောင်စုနယ်မြေရှိ တက္ကသိုလ်မှ ပါမောက္ခချုပ်တစ်ဦး — အဖွဲ့ဝင်

(၃) သက်ဆိုင်ရာဝန်ကြီးဌာနမှ ကိုယ်စားလှယ်နှစ်ဦး — အဖွဲ့ဝင်

(၄) ပြည်ထောင်စုနယ်မြေ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၅) ကုသရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၆) အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၇) ပြည်ထောင်စုနယ်မြေရှိ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာကျောင်းမှ ကျောင်းအုပ်ကြီးတစ်ဦး — အဖွဲ့ဝင်

(၈) ပြည်ထောင်စုနယ်မြေ ပညာရေးမှူး — အတွင်းရေးမှူး

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် –

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ဝန်ကြီး — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ တက္ကသိုလ်မှ ပါမောက္ခချုပ်တစ်ဦး — အဖွဲ့ဝင်

(၃) သက်ဆိုင်ရာဝန်ကြီးဌာနမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ကိုယ်စားလှယ်နှစ်ဦး — အဖွဲ့ဝင်

(၄) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၅) ကုသရေးဦးစီးဌာနမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၆) အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၇) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ကျောင်းမှ ကျောင်းအုပ်ကြီးတစ်ဦး — အဖွဲ့ဝင်

(၈) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပညာရေးမှူး — အတွင်းရေးမှူး

(ဂ) ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ(ခ) တို့ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၅။ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်း၊ နိုင်ငံတကာ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် နိုင်ငံခြားသား ပုဂ္ဂလိကကျောင်းဆရာ ပါဝင်သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို မှတ်ပုံတင် လက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ပေါင်းစည်းခြင်း၊ အပြီးပိတ်သိမ်းခြင်း၊ သင်တန်းရပ်နားခြင်းတို့ကို ကြီးကြပ်ရေးအဖွဲ့သို့ စိစစ်တင်ပြ၍ ယင်း၏ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများမှအပ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ပေါင်းစည်းခြင်း၊ အပြီးပိတ်သိမ်းခြင်း၊ သင်တန်းရပ်နားခြင်းတို့နှင့် စပ်လျဉ်း၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြန်မာနိုင်ငံသား ပုဂ္ဂလိကကျောင်းဆရာများ၏ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ပယ်ဖျက်ခြင်းတို့နှင့် စပ်လျဉ်း၍ စိစစ်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) နိုင်ငံခြားသား ပုဂ္ဂလိကကျောင်းဆရာ၏ မှတ်ပုံတင် လက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ပေးရန်ငြင်းပယ်ခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊သက်တမ်းတိုးမြှင့်ရန် ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့ကို ကြီးကြပ်ရေးအဖွဲ့သို့ စိစစ်တင်ပြ၍ ယင်း၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(င) ပုဂ္ဂလိကကျောင်းဆရာများ၏ အရည်အသွေးအဆင့်အတန်းသည် ဝန်ကြီးဌာနက ချမှတ်သော မူဝါဒနှင့်အညီ ဖြစ်စေရန် ကြီးကြပ်စစ်ဆေးဆောင်ရွက်ခြင်း၊

(စ) မြန်မာနိုင်ငံသား ပုဂ္ဂလိကကျောင်းဆရာ ရရှိထားသော ဘွဲ့ဘာသာရပ်ဖြင့်ဖြစ်စေ၊ ကျွမ်းကျင်သော အခြားဘာသာရပ်ဖြင့်ဖြစ်စေ သင်ကြားခွင့်ရရှိစေရန် စိစစ်ခွင့်ပြုခြင်း၊

(ဆ) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ ပညာရေးဆိုင်ရာ အဆင့်အတန်းနှင့် အရည်အသွေးသည် အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ၏ သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဇ) ပုဒ်မခွဲ(က)ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများမှအပ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ တည်ထောင်သူ သို့မဟုတ် စီမံအုပ်ချုပ်သူ ပြောင်းလဲခြင်း၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက ကျောင်း၏ အမည်ပြောင်းလဲခြင်း သို့မဟုတ် တည်နေရာ ပြောင်းရွှေ့ဖွင့်လှစ်ခြင်းတို့နှင့် စပ်လျဉ်း၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဈ) ပုဒ်မခွဲ(က)ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ အမည်ပြောင်းလဲခြင်းသို့မဟုတ်တည်ထောင်သူ သို့မဟုတ် စီမံအုပ်ချုပ်သူပြောင်းလဲခြင်း၊ တည်နေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်းတို့နှင့် စပ်လျဉ်း၍ ကြီးကြပ်ရေးအဖွဲ့သို့ စိစစ်တင်ပြ၍ ယင်း၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) ပုဒ်မခွဲ(က)ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများမှအပ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများသည် မှတ်ပုံတင် သက်တမ်းအတွင်း သင်တန်းရပ်နားရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သင်ယူသူများ၏ အခွင့်အရေး မဆုံးရှုံးစေရန်နှင့် ကျောင်းသားမိဘများ၏ နစ်နာဆုံးရှုံးမှုများ မရှိစေရန် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုပေးခြင်း၊

(ဋ) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ အတွင်းရှိ မှတ်ပုံတင်ထားသော ကိုယ်ပိုင်သို့မဟုတ်ပုဂ္ဂလိကကျောင်းသည် သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းစတင်နိုင်ခြင်း ရှိ မရှိ ကြီးကြပ်ခြင်း၊

(ဌ) ကိုယ်ပိုင်သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် သက်ဆိုင်သည့် စာရင်းအင်း၊ သတင်းအချက်အလက်များ ပြုစုခြင်း၊ ထိန်းသိမ်းခြင်း၊ ထုတ်ပြန်ခြင်းနှင့် ကြီးကြပ်ရေးအဖွဲ့ထံ သတ်မှတ်ချက်နှင့်အညီ တင်ပြခြင်း၊

စာမျက်နှာ ၁၁ သို့ ❖

❖ **စာမျက်နှာ ၁၀ မှ**

(ဍ) စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော တည်ထောင်သူ၊ စီမံအုပ်ချုပ်သူ၊ ပုဂ္ဂလိကကျောင်းဆရာများနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်ရန် ကြီးကြပ်ရေးအဖွဲ့သို့ စိစစ်တင်ပြခြင်း၊

(ဎ) ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဏ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၆။ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သည် –

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်း၊ နိုင်ငံတကာ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် နိုင်ငံခြားသား ပုဂ္ဂလိကကျောင်းဆရာ ပါဝင်သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်း သို့မဟုတ် မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားခြင်း၊ ပေါင်းစည်းခြင်း၊ အပြီးပိတ်သိမ်းခြင်း သို့မဟုတ် သင်တန်းရပ်နားခြင်းတို့နှင့်စပ်လျဉ်း၍ လျှောက်ထားခြင်းကို သတ်မှတ်ချက်နှင့်အညီ ကြီးကြပ်ရေးအဖွဲ့သို့ စိစစ်တင်ပြရမည်။

(ခ) နိုင်ငံခြားသားပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း သို့မဟုတ် မှတ်ပုံတင်သက်တမ်းတိုး လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ ကြီးကြပ်ရေးအဖွဲ့သို့ စိစစ်တင်ပြရမည်။

(ဂ) ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ) ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို သတ်မှတ်ချိန်အတွင်း မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။

(ဃ) ပုဒ်မခွဲ(က)ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများမှအပ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း သို့မဟုတ် မှတ်ပုံတင် သက်တမ်းတိုးလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။

(င) မြန်မာနိုင်ငံသား ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း သို့မဟုတ် မှတ်ပုံတင် သက်တမ်းတိုးလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။

(စ) ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မခွဲ (င) တို့ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ကို သတ်မှတ်ချိန်အတွင်း မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။

၁၇။ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့နှင့် ယင်းကဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့များသည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ မည်သည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကိုမဆို အခါအားလျော်စွာ သွားရောက်စစ်ဆေးခြင်း၊ လိုအပ်ပါက ဓာတ်ပုံဗီဒီယိုမှတ်တမ်းများရယူခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများကို ကြည့်ရှုခြင်းနှင့် မိတ္တူကူးယူခြင်းများ ပြုလုပ်နိုင်သည်။

၁၈။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးသည် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်၍ ယင်းအဖွဲ့၏ ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

**အခန်း (၈)**

**မှတ်ပုံတင်အရာရှိချုပ်၊ ဒုတိယမှတ်ပုံတင်အရာရှိချုပ်နှင့် မှတ်ပုံတင်အရာရှိ**

၁၉။ ဝန်ကြီးဌာနသည် –

(က) ညွှန်ကြားရေးမှူးချုပ်/ အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာနကို မှတ်ပုံတင်အရာရှိချုပ်အဖြစ် ခန့်အပ်ရမည်။

(ခ) အခြေခံပညာဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဆရာအတတ်ပညာဦးစီးဌာနတို့၏ ညွှန်ကြားရေးမှူးချုပ်များကို ဒုတိယမှတ်ပုံတင်အရာရှိချုပ်များအဖြစ် ခန့်အပ်ရမည်။

(ဂ) မှတ်ပုံတင်အရာရှိချုပ်နှင့် ဒုတိယမှတ်ပုံတင်အရာရှိချုပ်များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၂၀။ မှတ်ပုံတင်အရာရှိချုပ်သည် –

(က) ဤဥပဒေအရ မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးများကို သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်ရမည်။

(ခ) မှတ်ပုံတင်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိများအား ကြီးကြပ်လမ်းညွှန်ရမည်။

၂၁။ ဒုတိယမှတ်ပုံတင်အရာရှိချုပ်များသည် မှတ်ပုံတင်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ကြီးကြပ်ဆောင်ရွက်ရမည်။

၂၂။ ဦးစီးဌာနသည် မှတ်ပုံတင်အရာရှိချုပ်၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်၍ မှတ်ပုံတင်အရာရှိချုပ်၏ ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၂၃။ မှတ်ပုံတင်အရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ကြီးကြပ်ရေးအဖွဲ့နှင့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့တို့၏ ဆုံးဖြတ်ချက်နှင့်အညီ ဤဥပဒေအရ ပေးသွင်းရမည့် မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ အခြားအခကြေးငွေနှင့် ဒဏ်ကြေးငွေများကို ကောက်ခံခြင်း၊

(ဂ) ကြီးကြပ်ရေးအဖွဲ့၊ မှတ်ပုံတင်အရာရှိချုပ်နှင့် ဒုတိယမှတ်ပုံတင်အရာရှိချုပ်များက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း။

၂၄။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၆ ပုဒ်မခွဲ (ဂ)နှင့် ပုဒ်မခွဲ (စ) တို့အရ ပေးပို့သည့် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေး ပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၂၅။ သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးသည် မှတ်ပုံတင်အရာရှိ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်၍ မှတ်ပုံတင်အရာရှိ၏ ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

**အခန်း (၉)**

**ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း တည်ထောင်ခြင်းအတွက် သတ်မှတ်ချက်များ**

၂၆။ တည်ထောင်လိုသူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း တည်ထောင်ဖွင့်လှစ်ရန် မှတ်ပုံတင်လက်မှတ်လျှောက်ထားရာတွင် ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်ထားသော အခြေခံလိုအပ်ချက်များ၊ ကြီးကြပ်ရေးအဖွဲ့၏ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

၂၇။ တည်ထောင်လိုသူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ် လျှောက်ထားရာတွင် အောက်ပါအထောက်အထား၊ စာရွက်စာတမ်းများကို ပူးတွဲတင်ပြရမည် –

(က) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ သက်ဆိုင်ရာဥပဒေများနှင့်အညီ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း တည်ထောင်ရန် ခွင့်ပြုထားသော အထောက်အထားများ၊

(ခ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအဖြစ် အသုံးပြုမည့် မြေနှင့် အဆောက်အဦ သို့မဟုတ် အဆောက်အဦပိုင်ဆိုင်ခွင့် သို့မဟုတ် ငှားရမ်းအသုံးပြုခွင့်ဆိုင်ရာ အထောက်အထားများ၊

(ဂ) သတ်မှတ်သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာအတိုင်း သင်ကြားရန် သင်ကြားမှုအစီအစဉ်၊

(ဃ) ကျောင်းသား၊ ကျောင်းသူ အဆောင်များထားရှိပါက ကြီးကြပ်ရေးအဖွဲ့၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ထားကြောင်း အထောက်အထားများ၊

(င) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ ပရိဝုဏ်၊ ပတ်ဝန်းကျင်နှင့် စာသင်ခန်းများသည် ဥပမိရပ်ကောင်းမွန်ကာ ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းစင်ကြယ်မှုရှိစေရန် ဆောင်ရွက်ထားကြောင်း အထောက်အထားများ၊

(စ) အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ၊

(ဆ) ကျောင်းလုံခြုံရေးနှင့် မီးဘေးကာကွယ်ရေးအစီအစဉ်များ။

၂၈။ တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ သင်တန်းများကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်လက်မှတ်ရရှိသည့်နေ့မှစ၍ တစ်နှစ်အတွင်းဖွင့်လှစ်ရမည်။

၂၉။ (က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ မှတ်ပုံတင်သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှစ၍ ငါးနှစ်ဖြစ်သည်။

(ခ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခြင်းကို ခွင့်ပြုသက်တမ်းကာလအတွက် အစီရင်ခံစာနှင့်အတူ မှတ်ပုံတင်လက်မှတ်သက်တမ်းမကုန်ဆုံးမီ ခြောက်လကြိုတင်၍ သက်ဆိုင်ရာဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

(ဂ) တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း တည်ထောင်ဖွင့်လှစ်ရန် မှတ်ပုံတင်ခွင့်ရရှိလျှင် မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးကို သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာဌာန ငွေစာရင်းသို့ ပေးသွင်းရမည်။

၃၀။ တည်ထောင်သူ သို့မဟုတ် စီမံအုပ်ချုပ်သူသည် –

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို အများပြည်သူ မြင်သာသည့်နေရာတွင် ချိတ်ဆွဲထားရမည်။

(ခ) ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ရရှိသူအား သင်ကြားခွင့်ရရှိသည့် ဘာသာရပ်ကိုသာ သင်ကြားခွင့်ပြုရမည်။

(ဂ) ပုဂ္ဂလိကကျောင်းဆရာနှင့် ဝန်ထမ်းများကို အလုပ်ခန့်ထားရာတွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုခန့်ထားရမည်။

(ဃ) ဘာသာရပ်အလိုက် ပုဂ္ဂလိကကျောင်းဆရာ ခန့်အပ်ရာတွင် သက်ဆိုင်ရာကျောင်း၏ ဖွဲ့စည်းပုံပြည့်မီရမည်ဖြစ်ပြီး အမြဲတမ်းခန့်အပ်သည့် ပုဂ္ဂလိကကျောင်းဆရာ အရေအတွက်သည် အနည်းဆုံး ၅၀ ရာခိုင်နှုန်းရှိရမည်။

(င) ဘာသာရပ်အလိုက် လိုအပ်သည့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ လုံလောက်စွာ စီမံထားရှိရမည်။

(စ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းတွင် ဘာသာရပ်သင်ခန်းစာ၊ ထပ်ဆောင်းဘာသာရပ်နှင့် ထပ်ဆောင်းသင်ခန်းစာကို သက်ဆိုင်ရာအတန်းအတွက် သတ်မှတ်ထားသော သင်ရိုးမာတိကာအောက် လျှော့နည်းမှုမရှိဘဲ သင်ကြားရမည်။

(ဆ) သတ်မှတ်သင်ရိုးညွှန်းတမ်းနှင့် သက်ဆိုင်ခြင်းမရှိသည့် ပါတီနိုင်ငံရေးဆိုင်ရာ အကြောင်းအရာများ၊ ဘာသာရေးအကြောင်းအရာများနှင့် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော အကြောင်းအရာများကို သင်ကြားပို့ချခြင်း မပြုရန် ကြပ်မတ်ရမည်။

(ဇ) တည်ထောင်သူ သို့မဟုတ် စီမံအုပ်ချုပ်သူ ပြောင်းလဲခြင်း၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ အမည်ပြောင်းလဲခြင်း သို့မဟုတ် တည်နေရာ ပြောင်းရွှေ့ဖွင့်လှစ်ခြင်းကို ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

(ဈ) ပညာသင်နှစ်အလိုက် ကျောင်းပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များမှတစ်ပါး တစ်ဆက်တည်း ခုနစ်ရက်ထက်ပို၍ သင်ကြားမှုရပ်နားလိုပါက သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရယူရမည်။

(ည) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ ဖွင့်လှစ်ဆဲသင်တန်းတစ်ခုခု ရပ်နားလိုပါက သင်တန်းတက်ရောက်ဆဲ သင်ယူသူများ၏ အခွင့်အရေး မဆုံးရှုံးစေရန်နှင့် ကျောင်းသားမိဘများ၏ နစ်နာဆုံးရှုံးမှုများ မရှိစေရန် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ခွင့်ပြုချက် ရယူရမည်။

(ဋ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ အဆောက်အဦများ၊ ပရိဝုဏ်များ ဖျက်ဆီးခံရခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အခြားအကြောင်းတစ်ခုခုကြောင့် အသုံးပြု၍ မရတော့ခြင်း ဖြစ်ပေါ်လာပါက နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ပြုပြင်၍ ကျောင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည်။

(ဌ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ ကြော်ငြာများတွင် မှန်ကန်သော အချက်အလက်များကို ဖော်ပြရမည်။

(ဍ) သင်ယူသူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်၊ သင်ယူတတ်မြောက်မှု အရည်အချင်း၊ ကျောင်းဝင်၊ ကျောင်းထွက်၊ ကျောင်းပြောင်းမှတ်တမ်းများကို သတ်မှတ်ချက်နှင့်အညီ ထားရှိရမည်။

(ဎ) သက်ဆိုင်ရာသင်တန်း သတ်မှတ်ချက်နှင့်အညီ သင်ယူသူ၏ အရည်အချင်းနှင့် ကျွမ်းကျင်မှုကို စစ်ဆေး၍ သင်တန်းပြီးဆုံးကြောင်းလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာနှင့် ဘွဲ့လက်မှတ်တို့ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ထုတ်ပေးရမည်။

(ဏ) သင်ယူသူအတွက် အတန်းတင်ခြင်း၊ တန်းခွဲသတ်မှတ်ခြင်း၊ ကျောင်းပြောင်းလက်မှတ် သို့မဟုတ် ကျောင်းထွက်လက်မှတ် ထုတ်ပေးခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(တ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်စဉ်က တင်ပြသော အချက်အလက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ရမည်။

(ထ) ကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ဘင်္ဂလားပင်လယ်အော်အတွင်းဖြစ်ပေါ်နေသော "မိုခါ"ဆိုင်ကလုန်းမုန်တိုင်းဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်



မြေပုံမြို့နယ်၌ မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သည့်နေရာများမှ ပြည်သူများနှင့် ပစ္စည်းများကို ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့နိုင်ရေး တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်စဉ်။



တောင်ကုတ်မြို့နယ်၌ မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သည့်ကျေးရွာများမှ ပြည်သူများ မုန်တိုင်းဘေးလွတ်ရာ ယာယီခိုလှုံရာစခန်းများသို့ ရွှေ့ပြောင်းစဉ်။

နေပြည်တော် မေ ၁၂

ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိမြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ မုန်တိုင်းဘေးအန္တရာယ်ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် အရေးပေါ်ပြုစုခြင်း၊ အရေးပေါ် ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများကို လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ဘေးအန္တရာယ်ကျရောက်နိုင်သောနေရာများမှ ပြည်သူများအား ကြိုတင်ရွှေ့ပြောင်းပေးခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများ၊ ရိက္ခာများ အသင့်စုဖွဲ့ထားရှိခြင်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ချင်းပြည်နယ် ဟားခါးမြို့နယ်တွင်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်နှင့် မြိတ်မြို့နယ်တို့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၊ တောင်ငူမြို့နယ်နှင့် ပဲခူးမြို့နယ်တို့တွင်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်တွင်လည်းကောင်း၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၊ ပေါင်မြို့နယ်၊ ဘီးလင်းမြို့နယ်၊ မုဒုံမြို့နယ်နှင့် ရေးမြို့နယ်တို့တွင် လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၊ ဂွမြို့နယ်၊ စစ်တွေမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ပေါက်တောမြို့နယ်၊ မင်းပြားမြို့နယ်၊ မာန်အောင်မြို့နယ်၊ မြေပုံမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ သံတွဲမြို့နယ်နှင့် အမ်းမြို့နယ်တို့တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၊ မြန်အောင်မြို့နယ်၊ ရေကြည်မြို့နယ်နှင့် လပွတ္တာမြို့နယ်တို့တွင်လည်းကောင်း ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနတို့မှ တပ်ဖွဲ့ဝင်/ဝန်ထမ်းများက သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ၊ အရေးပေါ်ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများ၊ အရေးပေါ်ပြုစုခြင်း၊ အရေးပေါ်ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများ စသည့် မုန်တိုင်းအန္တရာယ် လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူများကို အသိပေးနှိုးဆော်ခြင်း၊ အသိပညာပေးခြင်း၊ ဘေးအန္တရာယ် ကျရောက်နိုင်သောနေရာများမှ ပြည်သူများကို ကြိုတင်ရွှေ့ပြောင်းပေးခြင်းတို့ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

သတင်းစဉ်

❖



မောင်တောမြို့၌ မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သည့်ကျေးရွာများမှ ပြည်သူများ မုန်တိုင်းဘေးလွတ်ရာ ယာယီခိုလှုံရာစခန်းများသို့ ရွှေ့ပြောင်းစဉ်။



ပေါက်တောမြို့နယ်၌ မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သည့်ကျေးရွာများမှ ပြည်သူများ မုန်တိုင်းဘေးလွတ်ရာ ယာယီခိုလှုံရာစခန်းများသို့ ရွှေ့ပြောင်းစဉ်။

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနမှ မုန်တိုင်းဒီရေ အထူးသတိပေးချက်

၁၂-၅-၂၀၂၃

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ယနေ့မြန်မာစံတော်ချိန် (၁၅:၃၀) နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Very Severe Cyclonic Storm) "မိုခါ (MOCHA)" သည် မြောက် - အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းသို့ ရောက်ရှိခဲ့ကာ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့ (CoCo Island)၏ အနောက်ဘက် ရေမိုင်(၂၈၅) မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့ (Hain ghyi gyun)၏ အနောက်-အနောက်တောင်ဘက် ရေမိုင် (၃၇၀)မိုင်ခန့်၊ စစ်တွေမြို့ (Sittwe)၏ တောင်-အနောက်တောင်ဘက် ရေမိုင် (၄၅၀) မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပို့ပလဲယား (Port Blair)၏ အနောက်မြောက်ဘက် ရေမိုင်(၃၀၀)မိုင်ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့ (Cox's Bazar)၏ တောင်-အနောက်တောင်ဘက် ရေမိုင်(၄၉၀)မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။ အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Very Severe Cyclonic Storm) "မိုခါ(MOCHA)" သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာကာ ယနေ့ညပိုင်းတွင် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၌ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Extremely Severe Cyclonic Storm) ) "မိုခါ (MOCHA)" အဖြစ်သို့ ရောက်ရှိနိုင်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့ (Cox's Bazar) နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့ (Kyaukpyu) တို့ကြား စစ်တွေမြို့ (Sittwe)အနီးမှ ၁၄-၅-၂၀၂၃ ရက်နေ့ နေ့လယ်ပိုင်းတွင် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Very Severe Cyclonic Storm) "မိုခါ (MOCHA)" အနေဖြင့် ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရပါသည်။

မုန်တိုင်းဖြတ်ကျော်စဉ် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် (၉၀) မှ (၁၁၀) ခန့်ထိ တိုက်ခတ်ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရပါသည်။

မုန်တိုင်းဖြတ်ကျော်ဝင်ရောက်နေချိန် လေတိုက်နှုန်းတစ်နာရီလျှင် မိုင် ၉၀ မှ မိုင် ၁၁၀ အတွင်းတိုက်ခတ်ပါက မုန်တိုင်းဒီရေအမြင့်မှာ ၉ ပေ မှ ၁၆ ပေ ခန့်အတွင်း ရှိနိုင်ကြောင်း ခန့်မှန်းရပါသည်။ သို့ဖြစ်၍ ၁၆ ပေအောက်နိမ့်သောနေရာများတွင် နေထိုင်ကြသည့် ပြည်သူများ အနေဖြင့် နီးစပ်ရာ ဆိုင်ကလုန်း Shelter များ (သို့မဟုတ်) ရေဘေးလွတ်ကင်းရာ ကုန်းမြေမြင့်များသို့ ရွှေ့ပြောင်းနိုင်ရေး ကြိုတင်စီမံထားရန်နှင့် မရှိမဖြစ်လိုအပ်သည့် တစ်ကိုယ်ရေသုံးပစ္စည်းများအား ရွှေ့ပြောင်းအခြေပြုမည့်နေရာသို့ ကြိုတင်ပို့ဆောင်ထားခြင်းဖြင့် အန္တရာယ်ကျရောက်ချိန်တွင် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြင့် ကျော်လွှားနိုင်မည်ဖြစ်ကြောင်း အကြံပြုသတိပေးနှိုးဆော်အပ်ပါသည်။

မုန်တိုင်းတိုက်ခတ်ရာ ခန့်မှန်းလမ်းကြောင်းတွင် တည်ရှိနေသည့် စစ်တွေမြို့နှင့် မောင်တောမြို့အနီးတစ်ဝိုက်ဒေသများသည် မုန်တိုင်းဒီရေတက်ရောက်ပါက ရေကြီးရေလျှံမှုများဖြစ်ပေါ်လာနိုင်ပြီး ခန့်မှန်းတွက်ချက်မှုများအရ နတ်မြစ်ကြောင်းတစ်လျှောက်မြစ်ဝမှ တောင်ပြိုလက်ဝဲမြို့အထိ အရှေ့ဘက်ကမ်းဒေသများ၊ မေယုမြစ်ကြောင်းတစ်လျှောက် မေယုမြစ်ဝမှ ရသေ့တောင်၊ ဘူးသီးတောင်မြို့များအထိ မြစ်ကြောင်း ဝဲ/ယာဒေသများ၌ မုန်တိုင်းဒီရေသက်ရောက်မှုများရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

ထို့အပြင် မုန်တိုင်းဒီရေ ၁၆ ပေခန့် မြင့်တက်လာပါက မောင်တောမြို့၊ ရသေ့တောင်မြို့၊ ဘူးသီးတောင်မြို့၊ စစ်တွေမြို့၊ ပုဏ္ဏားကျွန်းမြို့၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့၊ ဖရုံကာကျွန်းအရှေ့ဘက်ခြမ်း၊ မင်းပြားမြို့၊ မြေပုံမြို့၊ ကမ်းထောင်းကြီးမြို့၊ ကျောက်ဖြူမြို့နှင့် မာန်အောင်မြို့ ပတ်ဝန်းကျင်ဒေသများအနေဖြင့် မြစ်ချောင်းများ၊ ပင်လယ်ကမ်းခြေနှင့် ဆက်စပ်နေရာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ခန့်မှန်းတွေ့ရှိရပါသည်။

အလားတူပင် မုန်တိုင်းဒီရေ ၁၆ ပေခန့် မြင့်တက်လာပါက သံတွဲမြို့၊ သဖြူချိုင်၊ မောင်ရွှေလေးချိုင်နှင့် ငပလီကမ်းခြေဒေသများ၊ ဂွမြို့အနီး ပတ်ဝန်းကျင်ရှိ အလယ်ချောင်၊ ရေတွင်းတူး၊ ရဟင်ဖျားနှင့် ကင်းလျှာရှည်နေရာများ၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ခန့်မှန်းတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ မုန်တိုင်းဒီရေ သက်ရောက်နိုင်သည့် အထက်ပါမြို့၊ ရွာများတွင် နေထိုင်ကြသူများအနေဖြင့် နီးစပ်ရာ ဆိုင်ကလုန်း Shelter များ (သို့မဟုတ်) ရေဘေးလွတ်ကင်းရာ ကုန်းမြေမြင့်များသို့ အချိန်မီရွှေ့ပြောင်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြင့် မုန်တိုင်းအန္တရာယ်ကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

မုန်တိုင်းလမ်းကြောင်းနှင့် မုန်တိုင်းလေတိုက်ခတ်မှုနှုန်းများသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲမှုများရှိနိုင်ပါသဖြင့် သတိပြုလိုက်နာနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ပါသည်။

■

## သတိပေးချက်

ဘင်္ဂလားပင်လယ်အော်တွင် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"(MOCHA) သည် မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်တိုက်ခတ်နေပါသဖြင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး/ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးပြီးဖြစ်ပါသဖြင့် အဆိုပါ မုန်တိုင်းသည် ယနေ့မှစ၍ နောက်(၄၈)နာရီအတွင်း စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်မည်ဟုလည်း ခန့်မှန်းချက် ထုတ်ပြန်ထားပြီးဖြစ်ရာ လက်ရှိအခြေအနေတွင် မုန်တိုင်းသည် လေတိုက်နှုန်း အမြင့်ဆုံး တစ်နာရီမိုင် (၁၁၀)အထိ ရောက်ရှိနိုင်ပြီး လှိုင်းအမြင့်မှာလည်း (၁၃)ပေ မှ (၁၆)ပေအထိ ရောက်ရှိနိုင်မည် ဖြစ်ပါသဖြင့် ငါးဖမ်းရေယာဉ်/လှေ/ သင်္ဘောများ အထူးအန္တရာယ်ရှိသည့်အတွက် ယနေ့ မွန်းတည့် (၁၂:၀၀)နာရီအချိန်မှစ၍ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်သို့ မည်သည့် ငါးဖမ်းရေယာဉ်/လှေ/ သင်္ဘောများ လုံးဝ(လုံးဝ) မထွက်ရန် ညွှန်ကြားပါသည်။ ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာမှ လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ အသင့်ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေး



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ချောင်းဆုံမြို့နယ် နတ်မော်ကျေးရွာရှိ ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစဉ်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၁၂**

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသည့် လေဖိအားနည်းရပ်ဝန်းသည် တဖြည်းဖြည်းအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာနိုင်ပြီး ခန့်မှန်းချက်များအရ မြန်မာနိုင်ငံသို့ ဖြတ်သန်းဝင်ရောက်နိုင်သည့် အခြေအနေရှိနေသဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင့်ပြင်ဆင်စုဖွဲ့ထားရှိခြင်း၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များအား ဇာတ်တိုက်လေ့ကျင့်ခြင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ကံသာဦးရပ်ကွက်ရှိ ပင်လောင်းမြို့နယ်အားကစားကွင်း၌ လည်းကောင်း၊ မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ နတ်မော်ကျေးရွာ ဆိုင်ကလုန်းစင်တာ၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးတပ်နယ်၌ လည်းကောင်း စုဖွဲ့၍ နယ်မြေခံတပ်မတော်သားများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်မှုများ၊ ပြင်ဆင်စုဖွဲ့မှုများကို ဆောင်ရွက်ကြသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက



ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ဟိုင်းကြီးကျွန်းမြို့ရှိ ရေဘေးရှောင်ပြည်သူများအားထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲတွင် အားပေးနှစ်သိမ့်စကားပြောကြားစဉ်။



ရောဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်နှင့်တာဝန်ရှိသူများ ညောင်တုန်းမြို့နယ်၌ သဘာဝဘေးဖြစ်ပေါ်လာပါက ကာကွယ်နိုင်ရေး ဇာတ်တိုက်လေ့ကျင့်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။

သွားရောက် ကြည့်ရှုအားပေးကြပြီး သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကြိုတင်ပြင်ဆင်ဆောင်ရွက်**

ထို့ပြင် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ဒေသခံပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့များ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အခြားအထောက်အကူပြုပစ္စည်းများ သိုလှောင်ထားရှိခြင်း၊ မုန်တိုင်းဒဏ်ခံ ကာကွယ်ရေးအဆောက်အအုံများ ပြင်ဆင်ထားရှိခြင်း၊ ရိက္ခာ အမယ် ငါးမျိုးနှင့် သောက်သုံးရေလုံလောက်စွာရရှိရန် ဆောင်ရွက်ထားရှိခြင်းတို့ကို သက်ဆိုင်ရာနယ်မြေအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်နှင့် မြောင်းမြမြို့နယ်အတွင်းရှိ မုန်တိုင်းဘေးရှောင်ပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားပြီး ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လပွတ္တာမြို့နယ် ဇင်ရွဲလေးကျေးရွာနှင့် သင်္ကန်းကြီးကျေးရွာများရှိ မုန်တိုင်းဒဏ်ခံ ကာကွယ်ခိုလှုံရေး အဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ရိက္ခာ အမယ်ငါးမျိုးနှင့် သောက်သုံးရေလုံလောက်စွာရရှိရန် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ လည်းကောင်း၊ ချင်းပြည်နယ် ဟားခါးမြို့နယ်ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လည်းကောင်း ပြုလုပ်ကြရာ ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်များက အမှာစကားများပြောကြားကာ အစည်းအဝေးတက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

# “မိုခါ”(MOCHA)ဆိုင်ကလုန်းမုန်တိုင်း ဦးတည်ဝင်ရောက်နိုင်ကြောင်း ခန့်မှန်းထားသောဒေသများသို့ တပ်မတော်ကူညီကယ်ဆယ်ရေးယာဉ်စုများ ထွက်ခွာ





**နေပြည်တော် မေ ၁၂**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း စတင်ဖြစ်ပေါ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက်အရ သိရှိရချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပ၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre– DMC)ကို မေ ၈ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များဖွဲ့စည်း၍ မုန်တိုင်းအန္တရာယ်နှင့် ပတ်သက်သည့် ရှေ့ပြေးကူညီကယ်ဆယ်ရေးလုပ်ငန်းများအား သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခဲ့ရာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ၊ ဆေးဝါးနှင့် စားရေရိက္ခာများ ပို့ဆောင်ပြင်ဆင် စုဖွဲ့ထားခဲ့ပြီးဖြစ်သည်။ အလားတူ မေ ၉ ရက်မှစတင်၍ တပ်မတော်လေယာဉ်ဖြင့် စစ်တွေ၊ ကျောက်ဖြူ၊ အမ်းမြို့များသို့ စားသောက်ဖွယ်ရာများ၊ ဆေးပစ္စည်းများနှင့် ကူညီကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများ ပို့ဆောင်ပေးခဲ့သည်။

ယခုအခါ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် နိုင်ငံတကာ မိုးလေဝသတိုင်းထွာရေးပညာရှင်များနှင့် အဖွဲ့အစည်းများ၏ ခန့်မှန်းချက်များအရ မေ ၁၁ ရက်မှစ၍ ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း “မိုခါ”(MOCHA)သည် အားအလွန်ကောင်းသောဆိုင်ကလုန်းမုန်တိုင်းအဖြစ်ရောက်ရှိကာ မြန်မာကမ်းရိုးတန်းသို့ ဦးတည်တိုက်ခတ်လာနေပြီး မေ ၁၄ ရက်တွင် စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်လာမည်ဟု ခန့်မှန်းထုတ်ပြန်လာခဲ့သဖြင့် လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် မပို့ဆောင်နိုင်သည့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးဆိုင်ရာပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ၊ အရေးပေါ်စားရေရိက္ခာများနှင့် သောက်ရေသန့်၊ စက်ယန္တရားများ ပါဝင်သည့် ယာဉ်အစီး ၁၁၂ စီးပါ တပ်မတော်ယာဉ်တန်းအား အုပ်စု ၁၀ စုဖွဲ့၍ ယနေ့တွင် ရန်ကုန်မြို့မှ ၄၊ အမ်းနှင့် ကျောက်တော်မြို့များသို့လည်းကောင်း၊ မမျှော်မှန်းနိုင်သည့်အခြေအနေတွင် ကူညီကယ်ဆယ်ရေးဆောင်ရွက်နိုင်ရန် အရန်စုဖွဲ့မှုအဖြစ် ပုသိမ်၊ ပြည်၊ မကွေးမြို့များသို့ လည်းကောင်း စေလွှတ်ခဲ့ကြောင်းနှင့် အဆိုပါယာဉ်စုများတွင် ပွဲချိတ်စက်များ၊ ဖိုက်ဘာလှေများ၊ ချိန်းဆောနှင့် လက်သုံးကိရိယာများ၊ အသက်ကယ်အင်္ကျီများ၊ အသက်ကယ်ဘောကွင်းများ၊ မိုးကာတဲနှင့် တာပေါ်လင်များ၊ အရေးပေါ်ဆေးသေတ္တာများ၊ ထိခိုက်ဒဏ်ရာများအတွက် အရေးပေါ်ကုသဆေးများ၊ မြွေအဆိပ်ဖြေဆေးများ၊ မေးခိုင်ကာကွယ်ဆေးများ၊ ရေသန့်စင်ဆေးပြားများ၊ ဝမ်းပျက်ဝမ်းလျှော ရောဂါကာကွယ်ကုသဆေးများ၊ အရေးပေါ်ဆက်သွယ်ရေးစက်များ၊ ဆက်စပ်ပစ္စည်းများနှင့် ယာဉ်ချွတ်ယွင်းပါက ပြင်ဆင်ရန် ယာဉ်အပိုပစ္စည်းများနှင့် ရေသန့်စင်ယာဉ်များ စသည်ဖြင့် အပြည့်အစုံပါရှိကြောင်း အမျိုးသားအဆင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီထံမှ သိရသည်။

သတင်းစဉ်



## ရသေ့တောင်မြို့၌ မုန်တိုင်းဘေးကျရောက်နိုင်သည့် ကျေးရွာများ ကြိုတင်ရွှေ့ပြောင်း

**ရသေ့တောင် မေ ၁၂**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၌ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မုန်တိုင်းဘေးအန္တရာယ်ကျရောက်နိုင်သည့်ကျေးရွာများအားကြိုတင်ရွှေ့ပြောင်းရေးလုပ်ငန်းများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြေနိမ့်ပိုင်းတွင်ကျရောက်သော ကျေးရွာပေါင်း ၅၈ ရွာမှ လူဦးရေ ၄၈၉၂၅ ဦးကို ဘေးလွတ်ရာကုန်းမြင့်ပိုင်းကျေးရွာများရှိ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းများသို့ မော်တော်ယာဉ်များ၊ စက်လှေများဖြင့် အိမ်ထောင်စုအလိုက်ပြောင်းရွှေ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရသေ့တောင်(ပြန်/ဆက်)

## ဘူးသီးတောင်မြို့၌ မုန်တိုင်းဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ဘူးသီးတောင် မေ ၁၂**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အစိုးရစက်မှုအထက်တန်းကျောင်း၌ တပ်ရင်း၊ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ယမန်နေ့ညနေပိုင်းက သဘာဝဘေးကြိုတင်ကာကွယ်မှုဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်ခဲ့သည်။

ဦးစွာ ဘူးသီးတောင်တပ်နယ်ရိက္ခာစခန်းမှ လုပ်ငန်းယာဉ် ၁၂ စီး၊ (ဖ၀၁)မှ ဝန်ချီယာဉ် တစ်စီးနှင့် မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီးတို့ဖြင့် ဘူးသီးတောင်မြို့(အနောက်/မြို့မ)ရပ်ကွက်မှ ရပ်ကွက်နေပြည်သူ ၁၅၀ အား သက်ဆိုင်ရာရပ်ကွက်များမှ ကြိုတင်ရွှေ့ပြောင်းရန်နေရာသတ်မှတ်ထားသည့် အစိုးရစက်မှုအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပို့ဆောင်ပေးခြင်းနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## မာန်အောင်မြို့နယ်၌ အသက် ၇၀ အထက်ဘိုးဘွားများအား မုန်တိုင်းခိုလှုံရာနေရာသို့ ကြိုတင်ရွှေ့ပြောင်း

**မာန်အောင် မေ ၁၂**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်၌ မုန်တိုင်းဘေးကျရောက်နိုင်သည့် ကျေးရွာများမှ အသက် ၇၀ နှစ်အထက် ဘိုးဘွားများအား မုန်တိုင်းခိုလှုံရာနေရာသို့ ယမန်နေ့ညနေပိုင်းက ရွှေ့ပြောင်းပေးခဲ့ရာ သိမ္ဘလကျေးရွာမှ အသက် ၇၀ အထက် အဘိုး၊ အဘွား ၁၅ ဦးကို ဆင်နားချောင်ကျေးရွာရှိ ခေမာသီတလဓမ္မရိပ်သာ၊ ကူးတော့ဆိပ်ကျေးရွာရှိ အဘိုးအဘွား ၁၄ ဦးအား ရန်အောင်မြင်ရပ်ကွက်ရှိ ချမ်းမြေ့သစ္စာဓမ္မဘိုးဘွားရိပ်သာ၊ ကျီချောင်းဝကျေးရွာရှိ အဘိုး အဘွား ၃၀ နှင့် ဇလပ်ပြင်ကျေးရွာရှိ အဘိုး အဘွား ၂၀ အား မုန်တိုင်းခိုလှုံရာ ကျီးချောင်းဝကျေးရွာရှိ သဒ္ဓမ္မရံသီဘုန်းတော်ကြီးကျောင်းသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျောက်ဖြူမြို့၌ မုန်တိုင်းဘေးအန္တရာယ်ကျရောက်နိုင်သည့် ရပ်ကွက်များမှပြည်သူများအား ကြိုတင်ရွှေ့ပြောင်း

**ကျောက်ဖြူ မေ ၁၂**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ထိခိုက်မှုများရှိနိုင်သည့် ရပ်ကွက်များမှ ပြည်သူများနှင့် ကျောက်တစ်လုံး IDPs စခန်းမှ ခိုလှုံနေသူများအား ဘေးလွတ်သည့် ခိုလှုံရာနေရာများသို့ ကြိုတင်ရွှေ့ပြောင်းခြင်းလုပ်ငန်းများကို ယနေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက စီမံဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကျောက်ဖြူမြို့ ပြင်ဖြူမော်ရပ်ကွက်မှ မူလာရာမဘုန်းတော်ကြီးကျောင်း ခိုလှုံရာစခန်းသို့ ရွှေ့ပြောင်းခိုလှုံလာသည့် ပြည်သူများနှင့် ကျောက်တစ်လုံး IDPs စခန်းများမှ သတ်မှတ်ထားသည့်ခိုလှုံရာစခန်းများသို့ ရွှေ့ပြောင်းခိုလှုံလာသူများအား ကျောက်ဖြူတပ်နယ် ဗျူဟာမှူး၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများအဖွဲ့ ဥက္ကဋ္ဌ ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း သတိပေးချက်

**(မေ ၁၂ ရက် ည ၁၀ နာရီခွဲ ထုတ်ပြန်ချက်)**

**အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအခြေအနေ**

ယနေ့ ည ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၂၈၀ ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၃၄၀ ခန့်၊ စစ်တွေမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၄၁၀ ခန့်၊ အိန္ဒိယနိုင်ငံပို့ဘလဲယား၏အနောက်မြောက်ဘက် ရေမိုင် ၃၀၀ ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၄၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"၏လက်ရှိအခြေအနေမှာ ဘင်္ဂလားဒေ့ရှ်-ရခိုင်ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနိုင်သည့် အခြေအနေရှိပါသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်သည်။

**အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း"မိုခါ" သည် ည ၉ နာရီခွဲတွင် မြောက်လတ္တီကျု ၁၄ ဒသမ ၆ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၈ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၇၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၉၅ မိုင်မှ မိုင် ၁၀၀ နှုန်းခန့် ဖြစ်သည်။

**နောက်သုံးရက်အတွင်း ခန့်မှန်းချက်**

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာကာ နောက် ၉ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" အဖြစ်သို့ ရောက်ရှိနိုင်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့ကြား စစ်တွေမြို့အနီးမှ မေ ၁၄ ရက် နေ့လယ်ပိုင်းတွင် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"အနေဖြင့် ဖြတ်ကျော် ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"၏ အရှိန်ကြောင့် ယနေ့ညမှ မေ ၁၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ယနေ့ညမှ မေ ၁၄ ရက်အတွင်း မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၉၀ မှ မိုင် ၁၁၀ ခန့်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၄ ပေမှ ၁၈ ပေခန့် ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်ခန့်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

ယနေ့ညမှ မေ ၁၅ ရက်အတွင်း ရခိုင်ပြည်နယ်တွင် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၀၀ မှ မိုင် ၁၁၀ ခန့်အထိ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၆၀ ခန့်အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။

မုန်တိုင်း ဖြတ်ကျော်စဉ် မုန်တိုင်းဒီရေမှာ ရခိုင်ပြည်နယ် စစ်တွေခရိုင်၊ မောင်တောခရိုင်တို့ရှိ မြစ်ဝ၊ မြစ်လက်တက်များအတွင်း ၁၂ ပေမှ ၁၆ ပေခန့်အထိနှင့် ကျောက်ဖြူခရိုင်ရှိ မြစ်ဝ၊ မြစ်လက်တက်များအတွင်း ကိုးပေမှ ၁၂ ပေခန့်အထိ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းရသည်။

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း"မိုခါ"၏အရှိန်ကြောင့် မုန်တိုင်းဒီရေမြင့်တက်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် နေထိုင်ကြသူများအနေဖြင့်မုန်တိုင်းဒီရေအန္တရာယ်ကို ကြိုတင်သတိပြု ရှောင်ရှားကြပါရန်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများနှင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကို ကြိုတင်သတိပြုနေထိုင်ကြပါရန်၊ ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်သို့ လုံးဝ (လုံးဝ) မထွက်ရန်နှင့် ပြည်သူလူထုအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ချက်များကို စောင့်ကြည့်၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မေ ၁၂ ရက် ည ၉ နာရီခွဲ တိုင်းထွာချက်အရ**
**အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ(MOCHA)"လမ်းကြောင်းပြ မြေပုံ**







## သတင်းကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၁၂-၅-၂၀၂၃)ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၂၃ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သင်္ဘောဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိ ကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ လောင်းလုံးဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြ၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာအရေးယူခြင်းခံရမည် ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၅၂၄ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅၇ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၂-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၁–၅–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂–၅–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၅၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၄၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၄၉၃,၉၃၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၆,၉၆၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၉၀) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၅,၇၂၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၃) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မိုးနဲမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**မိုးနဲ မေ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အသင့်စုဖွဲ့ထားရှိမှုနှင့် ရှာဖွေကယ်ဆယ်ခြင်း သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်ခြင်းကို ယနေ့နံနက် ၇ နာရီက နာဟောင်ရပ်ကွက်ရှိ မြောက်နှစ်ကျိပ်ရှစ်ဆူဘုရား မြက်ခင်းပြင်၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ မိုးနဲမြို့နယ်တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးတိုးဝင်းဖေက အမှာစကားပြောကြားပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က မုန်တိုင်းအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ကူညီထောက်ပံ့ရေးပစ္စည်းများ အသင့်စုဖွဲ့ထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအသင်းအဖွဲ့များက သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက အမြန်ဆုံးကူညီကယ်ဆယ်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းအဆင့်ဆင့်ကို လူနှင့်အသက်ကယ်ပစ္စည်းများအသုံးပြု၍ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**




# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၅-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၁၀ | ၁၉၆၀ | ၁၉၅၅ | ၁၉၂၀ | ၁၉၆၀ | ၁၉၈၀ | ၁၉၆၅ | ၁၉၄၅ | ၂၀၄၅ | ၂၀၆၀ | ၁၉၅၀ | ၁၉၆၀ | ၁၉၉၅ | ၁၉၉၅ | ၂၀၀၀ | ၂၂၃၀ | ၂၈၁၀ |
| 95 Ron | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၅၅ | ၂၀၃၅ | ၂၁၃၀ | ၂၁၅၀ | ၂၀၄၀ | ၂၀၅၅ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၂၀ | ၂၈၈၅ |
| HSD (500 ppm) | ၁၈၆၀ | ၁၉၁၀ | ၁၉၁၀ | ၁၈၇၀ | ၁၉၁၀ | ၁၉၃၅ | ၁၉၃၀ | ၁၈၉၅ | ၂၀၁၅ | ၂၀၁၀ | ၁၉၀၀ | ၁၉၁၅ | ၁၉၅၀ | ၁၉၅၀ | ၁၉၅၀ | ၂၁၈၀ | ၂၉၀၀ |
| HSD (50 ppm) | ၁၉၄၀ | ၁၉၉၀ | ၁၉၉၀ | ၁၉၅၀ | ၁၉၉၀ | ၂၀၁၅ | ၂၀၁၀ | ၁၉၇၅ | ၂၀၉၅ | ၂၀၉၀ | ၁၉၈၀ | ၁၉၉၅ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၀ | ၂၂၆၀ | ၂၉၃၀ |
| HSD (10 ppm) | ၁၉၄၀ | ၁၉၉၀ | ၁၉၉၀ | ၁၉၅၀ | ၁၉၉၀ | ၂၀၁၅ | ၂၀၁၀ | ၁၉၇၅ | ၂၀၉၅ | ၂၀၉၀ | ၁၉၈၀ | ၁၉၉၅ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၀ | ၂၂၆၀ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၁၀ | ၁၈၇၉ |
| 95 Ron | ၁၈၉၆ | ၁၉၆၇ |
| HSD (500 ppm) | ၁၇၆၆ | ၁၈၃၁ |
| HSD (50 ppm) | ၁၈၄၀ | ၁၉၀၆ |
| HSD (10 ppm) | ၁၈၄၀ | ၁၉၀၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၀၉၈၈၁၊ ၀၉–၆၉၉၆၁၁၁၁၆

၀၆၇– ၄၁၁၁၂၉၊ ၀၉–၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ထိုင်းကိုအနိုင်ယူပြီး မြန်မာအမျိုးသမီးဘောလုံးအသင်း ဆီးဂိမ်းဗိုလ်လုပွဲတက်ပြီ


မြန်မာအသင်းနှင့် ထိုင်းအသင်း ယှဉ်ပြိုင်စဉ်။

ရန်ကုန် မေ ၁၂

(၃၂) ကြိမ်မြောက် ဆီးဂိမ်း အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၂ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်းနှင့် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းတို့ ဗိုလ်လုပွဲ တက်ရောက်သွားသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် မြန်မာအသင်းက ထိုင်းအသင်းကို လေးဂိုး-နှစ်ဂိုး၊ လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းက အိမ်ရှင်ကမ္ဘောဒီးယား အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အံ့ဖွယ်စွမ်းဆောင်မှုနှင့်အတူ နှစ်ဂိုးအရှုံးမှ လေးဂိုးပြန်သွင်းကာ နာမည်ကြီးထိုင်းကို အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ၂၀၀၅ ခုနှစ်က ဗိုလ်လုပွဲ နောက်ဆုံး တက်ရောက်နိုင်ခဲ့ပြီးနောက် ယခုနှစ်မှသာ တစ်ကျော့ပြန် တက်ရောက်လာခြင်း ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းဗိုလ်လုပွဲသို့ လေးကြိမ်မြောက် တက်ရောက်နိုင်ခြင်းလည်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် မျိုးမြမြငြိမ်း(ဂိုး)၊ မိုးမမစိုး၊ ဇွန်ယုယဦး၊ ဖြူဖြူဝင်း၊ နော်ထက်ထက်ဝေ၊ မေသက်မွန်မြင့်၊ ရှုပါခိုင်၊ ခင်မာလာထွန်း၊ ခင်မိုမိုထွန်း၊ ဝင်းသီတာထွန်း၊ စန်းသော်သော်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစပိုင်းတွင် မြန်မာအသင်း ခံစစ်အမှားများသည်ကို အခွင့်ကောင်းယူကာ ထိုင်းအသင်းက ဦးဆောင်ဂိုးများဆက်တိုက်သွင်းယူခဲ့သည်။ ၁၁ မိနစ်တွင် ပါနာဂန်၊ ၁၈ မိနစ်တွင် အိုရာပင်တို့က ထိုင်းအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူခဲ့ခြင်း ဖြစ်သည်။ နှစ်ဂိုးပေးလိုက်ရသော်လည်း မြန်မာအသင်း ကစားကွက်ပျက်မသွားဘဲ ချေပဂိုးရရှိရန် ကြိုးပမ်းလာရာ ၄၃ မိနစ်တွင် ရှုပါခိုင်က ပထမချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းက ချေပဂိုးရရန် ဆက်တိုက်ကြိုးပမ်းလာရာ ၄၈ မိနစ်တွင် ရှုပါခိုင်၏ ပေးပို့မှုမှ ဝင်းသီတာထွန်းက ဒုတိယချေပဂိုး ပြန်သွင်းခဲ့သည်။ သရေကျသွား၍ မြန်မာအသင်း စိတ်ဓာတ်တက်လာပြီး ၅၃ မိနစ်တွင် ခင်မာလာထွန်း၏ ဖန်တီးပေးမှုကိုစန်းသော်သော်က အသုံးချကာ အနိုင်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ထိုင်းအသင်းက ချေပဂိုးရရန် ကြိုးပမ်းလာသော်လည်း မြန်မာအသင်း ခံစစ်အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့ပြီး ၉၀+၂ မိနစ်တွင် မြတ်နိုးခင်က အနိုင်သေချာစေမည့် စတုတ္ထဂိုး သွင်းယူခဲ့သည်။

မေ ၁၅ ရက်တွင် တတိယနေရာလုပွဲအဖြစ် ထိုင်းအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ ဗိုလ်လုပွဲအဖြစ် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်

ဓာတ်ပုံ-MFF

## (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးအသင်းများ အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်မှုများအား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၁၂

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ယူ-၂၂ အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ် နှစ်ပွဲကို မေ ၁၃ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရုပ်သံလိုင်းများမှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

မွန်းလွဲ ၃:၃၀ နာရီတွင် ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်မှုအား လည်းကောင်း၊ ည ၇:၃၀ နာရီတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်မှုအား လည်းကောင်း မြန်မာ့ရုပ်မြင်သံကြားရုပ်သံလိုင်းလေးခု၊ ရေဒီယိုနှင့်အွန်လိုင်းတို့မှ တိုက်ရိုက်(Live)ပြသမည်ဖြစ်သော်လည်း ည ၇နာရီခွဲ စတင်မည့်ပွဲစဉ်မှာ MRTV-HD တွင် ည ၈ နာရီ သတင်းချိန်နှင့် တိုက်ဆိုင်နေပါသဖြင့် MRTV Sports Channel၊ MRTV Parliament Channel၊ MRTV Farmers' Channel၊ မြန်မာ့အသံရေဒီယိုနှင့် အွန်လိုင်းတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာ ကြိုတင်အစီရင်ခံ တင်ပြအပ်ပါသည်။

သတင်းစဉ်

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၁၂-၅-၂၀၂၃ (ည ၁၀:၀၀ နာရီ)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၇၀ | ၆၆ | ၇၈ | ၂၁၄ |
| ၂။ | ထိုင်း | ၆၀ | ၄၃ | ၆၅ | ၁၆၈ |
| ၃။ | ကမ္ဘောဒီးယား | ၅၇ | ၄၇ | ၆၃ | ၁၆၇ |
| ၄။ | အင်ဒိုနီးရှား | ၄၉ | ၄၃ | ၆၁ | ၁၅၃ |
| ၅။ | စင်ကာပူ | ၃၈ | ၃၂ | ၃၆ | ၁၀၆ |
| ၆။ | ဖိလစ်ပိုင် | ၃၁ | ၅၅ | ၇၂ | ၁၅၈ |
| ၇။ | မလေးရှား | ၂၇ | ၃၄ | ၆၀ | ၁၂၁ |
| ၈။ | မြန်မာ | ၁၅ | ၁၄ | ၄၃ | ၇၂ |
| ၉။ | လာအို | ၆ | ၁၄ | ၄၃ | ၆၃ |
| ၁၀။ | ဘရူနိုင်း | ၂ | ၁ | ၅ | ၈ |
| ၁၁။ | တီမောလက်စ်တေ | ၀ | ၀ | ၂ | ၂ |

## ဆီးဂိမ်း ဝူရှူးပြိုင်ပွဲ နောက်ဆုံးနေ့တွင် မြန်မာဝူရှူးအဖွဲ့ ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခု ထပ်မံရရှိ

ရန်ကုန် မေ ၁၂

(၃၂) ကြိမ်မြောက် ဆီးဂိမ်း ဝူရှူးပြိုင်ပွဲ နောက်ဆုံးနေ့ကို မေ ၁၂ ရက်က ဆက်လက်ကျင်းပရာ မြန်မာဝူရှူးအဖွဲ့ ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခု ထပ်မံရရှိခဲ့သည်။

ပြိုင်ပွဲနောက်ဆုံးနေ့ နံနက်ပိုင်းတွင်ကျင်းပသည့် ထောက်လုပွဲစဉ်များတွင် မြန်မာဝူရှူးအဖွဲ့က ရွှေတစ်ခု၊ ကြေးတစ်ခု ရရှိသည်။ မြန်မာဝူရှူးအဖွဲ့အတွက် ရွှေတံဆိပ်ဆုကို အမျိုးသမီး ချန်းချွမ်ပြိုင်ပွဲတွင် စန္ဒီဦးက ရယူပေးခဲ့ပြီး ၉ ဒသမ ၆၈၀၀ မှတ်ဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အင်ဒိုနီးရှားကစားသမား ဒီဗာဝီဒိုဒိုက ၉ ဒသမ ၆၅၀၀ မှတ်ဖြင့် ငွေတံဆိပ်၊ မလေးရှားကစားသမား ပိုင်ပုယီက ၉ ဒသမ ၆၄၃၀ မှတ်ဖြင့် ကြေးတံဆိပ်ရရှိသည်။ စန္ဒီဦးသည် ယခုပြိုင်ပွဲတွင် နိုင်ငံအတွက် ရွှေတစ်ခု၊ ငွေနှစ်ခု ဆွတ်ခူးရရှိခဲ့ပြီး အမျိုးသမီး ကျန့်စုနှင့် ချန်းစုပြိုင်ပွဲနှစ်ခုပေါင်းတွင် ငွေတံဆိပ်၊ အမျိုးသမီး နှစ်ယောက်တွဲ အတိုက်အပြပြိုင်ပွဲတွင် အေးသစ္စာမြင့်နှင့် ငွေတံဆိပ်တို့ ရရှိခဲ့သည်။ မြန်မာဝူရှူးအဖွဲ့အတွက် ကြေးတံဆိပ်ဆုကိုမူ အမျိုးသမီး နန်းတောင်း+နန်းကွန့်ပြိုင်ပွဲနှစ်ခုပေါင်းတွင် အေးသစ္စာမြင့်က ၁၈ ဒသမ ၃၀၃၀ မှတ်ဖြင့် ရရှိခဲ့ပြီး မလေးရှားကစားသမား တန်ချောင်မင်က ၁၉ ဒသမ ၁၆၀၀ မှတ်ဖြင့် ရွှေတံဆိပ်၊ ဗီယက်နမ်ကစားသမား သီသုဗင်ဗန်က ၁၈ ဒသမ ၄၁၃၀ မှတ်ဖြင့် ငွေတံဆိပ်ရရှိသည်။

မွန်းလွဲပိုင်းတွင် ဆန်းဆိုအတိုက်ပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်များ ဆက်လက်ကျင်းပရာ အမျိုးသမီး ၄၈ ကီလိုတန်း ဗိုလ်လုပွဲတွင် မြန်မာကစားသမား ချယ်ရီသန်းက ဗီယက်နမ်ကစားသမားကို အရေးနိမ့်ပြီး ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရသည်။ ကြေးတံဆိပ်ဆုကို အမျိုးသား ၇၀ ကီလိုတန်းတွင် နေဝင်းထွဋ်က ရရှိခဲ့သည်။ ဝူရှူးပြိုင်ပွဲအပြီးတွင် မြန်မာဝူရှူးအဖွဲ့က ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့သည်။


ရွှေတံဆိပ်ဆုရရှိခဲ့သည့် စန္ဒီဦး။

သတင်း-ကိုညီလေး

ဓာတ်ပုံ-MWF

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာအားကစားအဖွဲ့မှ အားကစားနည်းအလိုက် (၁၂.၅.၂၀၂၃) ရက်နေ့အထိ ဆုတံဆိပ်ရရှိမှုစာရင်း

| စဉ် | အားကစားနည်း | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ဗိုဗီနမ် | ၄ | ၃ | ၁၇ | ၂၄ | |
| | ဗိုဗီနမ် (ခွန်ဘိုကာတာ) | ၁ | ၂ | ၆ | ၉ | |
| ၂ | ပိုက်ကျော်ခြင်း | ၂ | | | ၂ | |
| | ခြင်းလုံး | ၄ | ၃ | ၁ | ၈ | |
| ၃ | ဝူရှူး | ၁ | ၃ | ၃ | ၇ | |
| ၄ | ဘိလိယက်/စနူကာ | ၂ | | ၂ | ၄ | |
| ၅ | ပီတန်း | ၁ | | | ၁ | |
| ၆ | ခွန်ခမာ | | ၂ | ၇ | ၉ | |
| ၇ | ကြက်တောင် | | ၁ | | ၁ | |
| ၈ | စစ်တုရင် | | | ၂ | ၂ | |
| ၉ | ပြေးခုန်ပစ် | | | ၂ | ၂ | |
| ၁၀ | ခရစ်ကက် | | | ၁ | ၁ | |
| ၁၁ | တိုက်ကွမ်ဒို | | | ၂ | ၂ | |
| | စုစုပေါင်း | ၁၅ | ၁၄ | ၄၃ | ၇၂ | |

## ဆီးဂိမ်း စနူကာနှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်း ပူးတွဲကြေးတံဆိပ်ဆုရရှိ

ရန်ကုန် မေ ၁၂

ဆီးဂိမ်း စနူကာနှစ်ယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို မေ ၁၂ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း ပူးတွဲကြေးတံဆိပ်ဆု ရရှိခဲ့သည်။

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တွင် အိမ်ရှင် ကမ္ဘောဒီးယားအသင်းနှင့် တွေ့ဆုံခဲ့ပြီး သုံးပွဲ-နှစ်ပွဲဖြင့် အရေးနိမ့်ခဲ့သဖြင့် ဗိုလ်လုပွဲ တက်ရောက်နိုင်ခြင်းမရှိဘဲ ပူးတွဲကြေးတံဆိပ်ဆုဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းတွင် ဘုန်းမြင့်ကျော် (ခ) အားတီနှင့် နေမင်းထွန်းအတွဲ ယှဉ်ပြိုင်ခဲ့ပြီး ပထမပွဲငယ်တွင် ၆၀-၅၀ မှတ်ဖြင့် အနိုင်ရသော်လည်း ဒုတိယပွဲငယ်တွင် ၂-၈၅ မှတ်ဖြင့် ပြန်လည်ရှုံးနိမ့်ခဲ့သည်။ တတိယပွဲငယ်တွင် မြန်မာအသင်းက ၇၀ - ၁ မှတ်ဖြင့် ထပ်မံအနိုင်ရသော်လည်း စတုတ္ထပွဲငယ်တွင် ကမ္ဘောဒီးယားအသင်းက ၆၉-၅ မှတ်ဖြင့် ပြန်လည်အနိုင်ရခဲ့သည်။ ထို့ကြောင့် ပဉ္စမပွဲငယ်မှာ အဆုံးအဖြတ်ဖြစ်လာပြီး ကမ္ဘောဒီးယားအသင်းက ၇၂-၆၀ မှတ်ဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။ ဘုန်းမြင့်ကျော်နှင့် နေမင်းထွန်းသည် စနူကာတစ်ဦးချင်းပြိုင်ပွဲတွင်လည်း ယှဉ်ပြိုင်မည်ဖြစ်ပြီး မေ ၁၃ ရက် (ယနေ့) စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ကိုညီလေး

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ဖိုးလုံးဖြူကျေးရွာနေ ကျော်ဇေယျသည် ၎င်းအသုံးပြုသည့် “Kyaw Zay Ya” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရခိုင်စုကျေးရွာနေ ခိုင်ခန့်ဇော်(ခ)ဇီးကွက်သည် ၎င်းအသုံးပြုသည့် “Khaing Khant Zaw” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်နှင့် တာဝန်ရှိသူများ မေ ၁၀ ရက်မှ ၁၁ ရက်အထိ လင်းခေးခရိုင်အတွင်းရှိ လင်းခေးမြို့မရဲစခန်းနှင့် မိုင်းပန်မြို့မရဲစခန်းများတွင် အချုပ်ခံနေရသူများအား ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများခံစားနိုင်ရေး၊ အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေး ကြည့်ရှုစစ်ဆေးစဉ်။

ခရိုင်(ပြန်/ဆက်)

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

## ချောင်းဦးမြို့ ရန်အောင်မြေရပ်ကွက်အတွင်းရှိ နေအိမ်များအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

နေပြည်တော် မေ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ ရန်အောင်မြေရပ်ကွက်အတွင်းရှိ နေအိမ်များအား PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။




ဖြစ်စဉ်မှာ ချောင်းဦးမြို့အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား ယနေ့နံနက် ၃ နာရီ ၁၅ မိနစ်ခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက မြန်မာ့စီးပွားရေးဘဏ်၏ အနောက်ဘက် မီတာ ၃၀၀ ခန့်အကွာမှနေ၍ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများသည် တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ဆုတ်ခွာထွက်ပြေးစဉ် လုံခြုံရေးအဖွဲ့များက နေအိမ်များအား မီးရှို့သည်ဟု အထင်မြင်လွဲမှားစေရန် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်သမားများက ရန်အောင်မြေရပ်ကွက်အတွင်းရှိ လူနေအိမ်အချို့အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

မီးလောင်ရာနေရာသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ်လေးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် နံနက် ၄ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် နေအိမ်အလုံး ၂၀ မီးလောင်ပျက်စီးခဲ့သည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၉၃ သိန်း | ၄၀၈၀၇ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၆ | - |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာ့ပုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၅ ခန်း | ၃၆၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၅၅ ခု | ၄၉၇ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၈၅ သိန်း | ၁၇၃၄၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၈၆ စုံ | ၄၁၄ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ကြေးမုံ



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## ပါရဂူ (PhD) သင်တန်းသားများခေါ်ယူခြင်း

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် (၂၀၂၃-၂၀၂၄) ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

(က) ဘောဂဗေဒ

(ခ) ဝါဏိဇ္ဇဗေဒ

(ဂ) စာရင်းအင်းပညာ

၂။ ပါရဂူဘွဲ့ (PhD) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

(က) ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၂၀၂၃ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းခွင် အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက် လျှော့ပေါ့စဉ်းစားမည်။)

(ဂ) ပါရဂူဘွဲ့ အကြိုသင်တန်းကို အချိန်ပြည့်တစ်နှစ်တက်ရောက်နိုင်သူ ဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသောဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ(၃)နာရီ မေးခွန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု၊ တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက် (၁)နှစ် အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သောပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့်အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့ သင်တန်းတက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာအကြီးအကဲက ထောက်ခံသူဖြစ်ရမည်။

(၅) ပါရဂူအကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့် (၁)နှစ်တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာ တင်ပြရမည်။

**အခြားဝန်ကြီးဌာန ဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသောဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ(၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ(၃)နာရီ မေးခွန်းဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီးလူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာလက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန် မလိုပါ) လူတွေ့ စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံးနည်းပြ၊ သရုပ်ပြ(သို့မဟုတ်) ယင်းနှင့်အဆင့်တူရာထူးတွင် လုပ်သက် (၂)နှစ် အနည်းဆုံး ရှိရမည်။

(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာသုတေသနဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့ သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသနနယ်ပယ် အဆိုပြုချက်(ကွန်ပျူတာစာစီ၍ စာမျက်နှာ(၃) မျက်နှာထက်မပိုသော) ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၉-၅-၂၀၂၃ ရက် (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ပါရဂူဘွဲ့ (PhD) သင်တန်း ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည် -

(က) ၂၂-၅-၂၀၂၃ (တနင်္လာနေ့) ၉:၀၀ နာရီမှ ၁၂:၀၀ နာရီ သက်ဆိုင်ရာဘာသာရပ်

(ခ) ၂၃-၅-၂၀၂၃ (အင်္ဂါနေ့) ၉:၀၀ နာရီမှ ၁၂:၀၀ နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို ၂၉-၅-၂၀၂၃ ရက်နေ့ (တနင်္လာနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ/ဌာနမှူးများထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မော်ကွန်းထိန်း (ကျောင်းသားရေးရာ) (ဖုန်းနံပါတ် - ၀၁၇၅၂၆၆၁၃) ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

---

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကချင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## ပူတာအိုခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ်စဉ် (၁/၂၀၂၃)

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပူတာအိုခရိုင်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် တည်ဆောက်ရေးပစ္စည်းများ (မြန်မာ)ကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က)တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်နေ့ရက် -၁၂-၅-၂၀၂၃

(ခ)တင်ဒါလျှောက်လွှာနောက်ဆုံး ဝယ်ယူရမည့်ရက်/အချိန် -၂၄-၅-၂၀၂၃ ညနေ (၄:၃၀)နာရီ

(ဂ)တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေ့ရက်/အချိန်/နေရာ -၂၅-၅-၂၀၂၃/နံနက်(၉:၀၀)မှ (၁၂:၀၀)နာရီအတွင်း လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပူတာအိုခရိုင်

(ဃ)တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် -၂၆-၅-၂၀၂၃ နံနက်(၁၀:၀၀)နာရီ

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပူတာအိုခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ် ၀၉-၈၉၁၅၆၄၆၉၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ စက်ပစ္စည်း(၂) မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည် -

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| Lot(1) | Wheel Loader(10 Ton) | 2 Nos | Japan/Korea |
| Lot(2) | Kelly Bar(15m)with Swivel for Soilmec RT3ST | 1 No | All Countries |

(က)တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်နေ့ရက် - (၁၇-၅-၂၀၂၃)ရက်

(ခ)တင်ဒါလျှောက်လွှာပိတ်မည့်နေ့ရက်/အချိန် - (၃၁-၅-၂၀၂၃)ရက် (၁၅:၀၀)နာရီ

(ဂ)တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ - ရုံးအမှတ်(၁၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်

(ဃ)တင်ဒါဖွင့်ပွဲကျင်းပမည့်နေ့ရက်/အချိန် - ထပ်မံအသိပေးအကြောင်းကြားပါမည်။

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တံတားဦးစီးဌာန၊ အထောက်အကူပြုဌာနခွဲ (စက်မှု)၊ နေပြည်တော် (ဖုန်း)-၀၉-၅၁၄၇၁၂၉၊ ၀၉-၅၀၀၇၀၅၄၊ ၀၉-၅၀၉ ၁၄၄၉ တို့သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ ၁၀-ရပ်ကွက်၊ မန္တလေးလမ်း၊ မြေတိုင်းအမှတ်-သကမ(၁၀)၊ မြေကွက်အမှတ်- (၄၈၂/က) မြေရိယာ (၂၀x၆၀)ပေ အကျယ်အဝန်းရှိ မြေချပါမစ်မူရင်း ဦးပါချို(ဘ)ဦးသောင်းတင် အမည်ပေါက် အိမ်ခြံမြေကွက်နှင့် ယင်းမြေပေါ်ရှိ (၂)ထပ်လူနေအိမ်အား လက်ရှိတရားဝင် ပိုင်ရှင်ဖြစ်သူ ဒေါ်မြမြဝေ [၁၂/လသယ(နိုင်)၀၆၆၉၉၄] ဆိုသူထံမှ ကျွန်ုပ်၏မိတ်ဆွေဒေါ်မြင့်မြင့်ချို [၁၂/လမန(နိုင်)၀၁၃၁၃၉]မှ တရားဝင်ဝယ်ယူပိုင်ဆိုင်နိုင်ရန်အိမ်ခြံမြေ တန်ဖိုး၏တချို့ကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာမှတ်စာတမ်းအထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်နေ့ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ချို၏ လွှဲအပ်ချက်အရ-**
**ဦးဝင်းမင်းဗိုလ် (LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၅၉)**
**အမှတ်-(၁၅၈/ခ)၊ပေ-၂၀လမ်း၊အတွင်းပဒံကျေးရွာ၊လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၈၁၁၁၇၁၃၊ ၀၉-၆၈၉၆၈၈၈၈**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၁)လမ်းနှင့် ရွှေဝါထွန်းလမ်းထောင့်၊ အမှတ်(က/၅၃)၊ နှစ်ခန်းတွဲ RC (၆)ထပ်တိုက်မှ ဒုတိယထပ်(၃လွှာ)၊ (တိုက်မျက်နှာမူလက်ဝဲဘက်အခန်း)၊ ဧရိယာ(၅၅၂)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးနေမျိုးထွန်း[၉/စကတ(နိုင်)၀၆၈၂၁၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကေဇင်ထွန်း[၅/ရဘန(နိုင်)၁၆၁၆၅၁]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကေဇင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး LL.B, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**Ph-09-450023651, 09-793568375**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော် (Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

---

## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV DTH Platform (Direct to Home)စနစ်တွင် DTH Free to Air ရုပ်သံလိုင်းထည့်သွင်းထုတ်လွှင့်ခြင်းလုပ်ငန်း ဆောင်ရွက်လိုသူများအတွက် Expression of Interest (EOI) တင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV DTH Platform (Direct to Home) စနစ်ဖြင့် ရုပ်သံလိုင်းများ ထုတ်လွှင့်ခြင်းကို ၁-၂-၂၀၂၂ ရက်နေ့မှစ၍ စတင်ထုတ်လွှင့်လျက်ရှိပါသည်။

